http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
ပဓာနနာယက ဆရာတော်

အရှင်ပုညာနန္ဒ


(ဗဟုဇနဟိတစရ)



ဟောကြားတော်မူသော

# မွေးနေ့လက်ဆောင်တရားတော်

http://www.dhammadownload.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ - ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇.၉.၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဖော် ဖြစ်၍ မောင်နှမ (၇) ယောက် တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေ အမှတ် (၁) အထက်တန်းကျောင်း၌လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂ - နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ - ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ (၂၇ - ၄ - ၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဓီယ ဘာဏကနှင့် သီရိပဝရ ဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဓ္ဓနိကာယ ပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းဓမ္မဒူတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီဓမ္မဒူတ ဇေတဝန်တောရ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်းပြည်ပ နိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် ၂၂.၁၀.၂၀၀၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်



http://www.dhammadownload.com

# ဆရာတော်အရှင်ပညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

# ခမည်းတော် ဘဒ္ဒန္တဝိစာရ

# မှ

# ဆက်လက်ဆောင်ရွက်

ပညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများ ကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ ဓမ္မကထိက များမှ အလှည့်ကျ ဟောပြောပြသမည် ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့် နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဝကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

## ပညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၅၅၃၃၃၀၊ ၅၅၁၀၇၂

http://www.dhammadownload.com

1296006    4 00

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

အရှင်ပညာနန္ဒ

# မွေးနေ့လက်ဆောင်တရားတော်

တရားဓမ္မအလှူရှင်

[illegible]

[illegible] သိမ်ကြီးဈေး( [illegible]

[illegible] (ဆိုင်းခွဲ [illegible]) [illegible]

http://www.dhammadownload.com

http://www.dhammadownload.com

# မွေးနေ့လက်ဆောင်တရားတော်

သာသနာသက္ကရာဇ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်အတွင်း၌ ဆင်ယင်ကျင်းပအပ်သော သတ္တမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ရက်ရှည် ရက်(၁၀၀) အထူးတရားစခန်းပွဲ၊ (၈၀) ရက်မြောက်နေ့ ပုညာရာမကျောင်းတိုက်ဆရာတော်ရဲ့ နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့အလှူနဲ့ တိုက်ဆိုင်ပြီးတော့မှ ကောင်းမှုကုသိုလ်မျိုးစေ့တွေကို အသီးသီး ကြဲချကြတဲ့ အလှူရှင်တွေနဲ့အတူ တရားမွှအားထုတ်ကြတဲ့ သူတော်စင်များ ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်အောင် မကြာမီ ဆောက်လုပ်တော့မယ့် လေးထပ် ဆယ်ခန်းတွဲ ယောဂီဆောင်မှာ သိန်း (၁၂၀)၊ သိန်း (၁၀၀) သိန်း (၅၀)၊ (၁၅)သိန်း၊ (၁၀)သိန်း၊ (၂) သိန်း၊ (၁)သိန်း အစရှိသဖြင့် လှူဒါန်းကြတဲ့ ကောင်းမှုရှင်များရဲ့ ကုသိုလ်တူသည်ဖြစ်ကြတဲ့ ကုသိုလ်ပွဲမှာ အားလုံးသောသူတော်စင်များအတွက်ကို ယနေ့ ဟောကြားပေးမယ့် တရားက **"မွေးနေ့လက်ဆောင်"** တရားတော်။

http://www.dhammadownload.com



ယနေ့ မွေးနေ့ပွဲနဲ့ လာကြုံတော့ အသီးသီးလှူဒါန်းကြတဲ့ ကောင်းမှုရှင်များအတွက် ဓမ္မလက်ဆောင်တစ်ခု ပေးလိုက်ပါတယ်။ ဒီတရားနဲ့ ပတ်သက်လို့ သိလိုက်တဲ့ခဏမှာ "ဪ. . . တယ်ကျေးဇူးကြီးပါလား" ဆိုတာထက် ကောင်းစွာ သဘောပေါက်ပြီးတော့ အရယူနိုင်အောင် ဒီတရားတော်ကို မဟောကြား မနာကြားမီ မိမိတို့ပြုထားတဲ့ ကုသိုလ်အသီးသီးတွေကို ဆိုင်ရာဆိုင်ရာ အာရုံပြုပြီးတော့ ရည်စူးတဲ့ပုဂ္ဂိုလ်တွေလည်း ရှိကြလေတော့ အတူ တရားနာယူ လာရောက်ပေးဝေသမျှ အမျှတွေကိုလည်း သာဓုခေါ်ဆိုနိုင်အောင် ရှေ့ပိုင်းကနေပြီးတော့ ဖိတ်ကြားသင့် ဖိတ်ကြားထိုက်တဲ့ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီးမှပဲ ဘုရားကို ရှိခိုးပြီးလို့ တရားကို ဟောမှာဖြစ်တဲ့အတွက် အာရုံတစ်ပါး စိတ်မသွားဘဲ လေးလေးစားစား အာရုံပြုထားကြပါ။

× × × × × ×

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ ဘုန်းကြီး ဝိဇာတ နှစ်(၅၀)ပြည့် ရွှေရတုမှာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးလို့ ကောင်းမှုမျိုးစေ့ချ၊ အသီးသီး ကိုယ်စွမ်းနိုင်တဲ့ဘက်ကနေပြီးတော့ လှူဒါန်းပေးထားတာ အလွန်လည်းပဲ ဝမ်းသာစရာကောင်းလောက်အောင် ကြည်နူးစရာလည်းကောင်းလောက်အောင် ကုသိုလ်ပွဲကြီးက အောင်မြင်ခဲ့ပါပြီ။ ဒီကုသိုလ်ပွဲမှာ အဓိကပါဝင်ပြီးတော့ ဖြည့်ဆည်းပေးခဲ့ကြတဲ့ နှစ်ဖက်မိဘများကိုအမှူးထားပြီးတော့ ဦးဇော်မင်းသိန်း +

http://www.dhammadownload.com



ဒေါ်ချိုသာခင် မိသားစု၊ အင်းယားလမ်း၊ ဗဟန်းမြို့နယ်မှာ နေကြတဲ့ မိသားစုတွေ၊ ရန်ကုန် သုဝဏ္ဏ၊ ရွှေအင်ကြင်းရိပ်သာမှာနေကြတဲ့ ဦးလှဝင်း၊ ဦးချစ်ဝေ၊ သမီး မဝိုင်းဝေဝေဝင်း၊ မခိုင်မဥ္ဇူဝင်း မိသားစုတို့ကနေ ပံ့ပိုး လှူဒါန်းခဲ့ကြသလို မစိုးစိုးရီ၊ မစန်းစန်းမော်၊ မကေသီခိုင်၊ မမေသဥ္စာဦး၊ မသင်းနုနုအေးတို့ကလည်း ပါဝင်ပြီးတော့ ကုသိုလ်မျိုးစေ့တွေကို ကြဲချပြီးတော့မှ ဓမ္မဒါနတရားအလှူတွေကို ခရီးဆောင်အိတ်တွေကို ပံ့ပိုးပြီးတော့ လှူခဲ့ကြတဲ့ အသီးသီးသော အလှူရှင်တွေ၊ ဤကုသိုလ်တရားတွေ၊ ကောင်းမှုတွေကို မိမိတို့တစ်တွေက ထုံမွှန်းပြီးတော့ ပံ့ပိုးပေးကြတယ်။ ယခု ထပ်ပြီးတော့ လေးထပ်ယောဂီဆောင်မှာ လျင်မြန်စွာနဲ့ အေးအေးချမ်းချမ်း အားထုတ်နိုင်အောင် အမြန်ဆုံး ပြီးစီးနိုင်အောင် အလှူရှင်အသီးသီးက ဝမ်းမြောက်ဝမ်းသာနဲ့ လှူဒါန်းတယ်။ အဲဒီလို လှူဒါန်းနေကြတဲ့ မိသားစုတိုင်း မိသားစုတိုင်းဟာ အမြဲမပြတ် သံသရာကျင်လည်ရတဲ့ဘဝတစ်လျှောက် လက်တွဲမဖြုတ်ဘဲ တတွဲတွဲနဲ့ ချစ်ချစ်ခင်ခင်ကော မနေချင်ဘူးလား?

'နေချင်ပါတယ်ဘုရား'

'အားလုံးသော သူတော်စင်တွေ ယခုလို လာရောက် တွေ့ဆုံကြပြီးတော့ မိသားစုပဲဖြစ်ဖြစ်၊ ဆွေမျိုးသားချင်းပဲဖြစ်ဖြစ်၊ သူငယ်ချင်းအပေါင်းအသင်းပဲဖြစ်ဖြစ် ယခုလို လာပြီးတော့ ရေစက်ဆုံလို့ ကြုံကြဆုံကြတာ၊ နောင်သံသရာရော ရေစက်မဆုံချင်ဘူးလား၊ ပြောစမ်းပါ'

'ဆုံချင်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီလို ရေစက်ဆုံချင်တဲ့အတွက်ကြောင့် ရေစက်ခွက်တောင်မှ သူတော်စင်များက တစ်ဦးနဲ့တစ်ဦး ရေစက်ဆုံချင်လွန်းလို့ တချို့နေရာတွေဆိုရင် ရေစက်ခွက်တစ်ခွက်တည်းမှာ ပိုက်ဆံအလှူလေးတွေ ထည့်ကြ၊ တချို့ကလည်းပဲ လက်လေးတွေ တစ်ယောက်နဲ့တစ်ယောက် စိုက်ထားလိုက်ကြ၊ တချို့လည်း ရေစက်ခွက်လေးကို နှစ်ယောက်တွဲ ကိုင်လိုက်၊ ဝိုင်းစုကိုင်လိုက် မလုပ်ကြဘူးလား?

'လုပ်ကြပါတယ်ဘုရား'

'ဘာဖြစ်ချင်လို့လဲ?

'ရေစက်ဆုံချင်လို့ပါဘုရား'

'အဲဒီလိုလုပ်ရင် ဆုံရောလား၊ ဘာလို့လုပ်နေလဲ၊ ရေစက်ဆုံချင်တယ်ဆိုရင်တော့ ဘယ်နေရာရောက်ရောက် မခွဲချင်ရင် ဘုရားက ဟောပေးထားတာက မိမိတို့ရဲ့သန္တာန်မှာ ရောက်လေရာရာ မခွဲဘဲနဲ့ တူယှဉ်တွဲ အမြဲသွားချင်ရင် သဒ္ဓါတရားတူအောင် ဖြည့်ရတယ်၊ သီလတရားတူအောင် ဖြည့်ရတယ်၊ စာဂတရားတူအောင် ဖြည့်ရတယ်၊ ပညာတရားတူအောင် ဖြည့်ရတယ်၊ အဲဒီတရားတွေမှ မဖြည့်ဘဲနဲ့တော့ ဘာတွေပဲသွားထည့်ပြီး ပေါင်းစည်းပေါင်းစည်း ရေစက်ဆုံမှာလား?

'မဆုံနိုင်ပါဘူးဘုရား'

'ရောက်လေရာရာမှာ ရေစက်ဆုံချင်တယ်၊ လက်တွဲမဖြုတ်ဘဲနဲ့ တူယှဉ်တွဲပြီး ချစ်ချစ်ခင်ခင် ပစ္စုပ္ပန်လည်း နေချင်တယ်၊ နောင်သံသရာ

http://www.dhammadownload.com



လည်း နိဗ္ဗာန်မရမချင်းမှာ ရေစက်ဆုံချင်ရင် ယနေ့ ပေါင်းစုပြီးတော့ ပုဂ္ဂိုလ်တွေ သဒ္ဓါတရားတူအောင် ကြိုးစားပါ၊ သီလ တရားတူအောင် ကြိုးစားပါ၊ စာဂ၊ ပညာတရားတူအောင် ကြိုးစားပါ၊ အဲဒီလေးမျိုးတူရင်တော့ ရေစက်ဆုံမယ် ဆုံချင်လား၊ ဟော-မေးလို့တောင် မရတော့ဘူး၊ ရေစက်ဆုံချင်ရင် ဒီလေးမျိုးဖြည့်၊ အခု တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် မတွယ်ဘူးလား တွယ်လား?

'တွယ်ပါတယ်ဘုရား'

'အခု ပစ္စုပ္ပန်မှာ မဟုတ်ဘူး၊ နောင်သံသရာရော လက်တွဲမဖြုတ်ဘဲနဲ့ရော မနေချင်ဘူးလား?

'နေချင်ပါတယ်ဘုရား'

'ခုမှ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြတယ်၊ အဲဒီလို နေချင်ရင် ရေစက်ဆုံချင်ရင် ဒီလိုလုပ်နေလို့ မရဘူး၊ ဘုရားက သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ဒါလေးတူအောင်ဖြည့်၊ အဲဒီလိုဆိုရင်တော့ ပြည့်စုံလိမ့်မယ်လို့ ဟောတယ်နော်'

'ယနေ့ မိမိတို့ကိုလည်းပဲ မွေးလက်ဆောင်အနေနဲ့ ယနေ့ မွေးနေ့မှာ ပေးချင်တာက ရုပ်နာမ်တရားလေးနှစ်ခုကို သိလိုက်ရင်တောင်မှ ကျေးဇူးများတယ်၊ ဘဝသံသရာမှာလည်းပဲ အဖိုးတန်တယ်ဆိုတဲ့ ပစ္စက ဒါယကာ ဇနီးမောင်နှံတို့ မရှိခဲ့ဘူးလား?

'ရှိခဲ့ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီ ပစ္စကဗုဒ်နီးမောင်နှံတို့ဟာ အတိတ်တစ်ခုမှာ ရုပ်တရား၊ နာမ်တရားရဲ့အပေါ်မှာ အာရုံလေးပြုပြီးတော့ ဒီတရားလေးနာခဲ့ရတယ်၊ ဂေါတမမြတ်စွာဘုရားလက်ထက် ရောက်တဲ့အချိန်အခါမှာ သူတို့ဇနီးမောင်နှံ လာဆုံကြတယ်၊ ကြုံကြတယ်၊ ပေါင်းသင်းကြရတယ်၊ ချစ်ချစ်ခင်ခင် နေကြရတယ်၊ အဲဒီလို နေကြတဲ့အပိုင်းမှာ တစ်ယောက်ကလှူရင်တစ်ယောက်က မတားဘူး၊ ပြည့်ပြည့်စုံစုံနဲ့ ပုံပိုးကြတယ်၊ ဒါပေမယ့်ဒကာကြီးက ပိုသဒ္ဓါထက်တယ်၊ ဒကာမက ပင်ပန်းဆင်းရဲမှာစိုးလို့နည်းနည်းတော့ ဟန့်တားချင်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကအဲဒါကို အကြောင်းပြုပြီး ဟောပေးတာက ဒီဒကာကြီး အလှူအတန်းမှာအတော်ကို ရက်ရောတယ်၊ လှူတဲ့နေရာမှာ လယ်တွေ၊ စပါးတွေစပြီးတော့ မှည့်ဝင်းသီးလို့ ရိတ်ပြီး၊ ပုံပြီးဆိုရင် လယ်ဦးအနေနဲ့ လှူတယ်၊ ဒါတွေကို နယ်ပြီးတော့ စပါးတွေ ပုံပြီးပြီဆိုရင် စပါးပုံဦးအနေနဲ့တစ်ကြိမ်လှူတယ်၊ မိမိရဲ့ လယ်ဦးအလှူ အရင်ဆုံးလှူတယ်၊ စပါးကိုတလင်းမှာပုံတယ်ဆိုရင် စပါးပုံဦး အရင်လှူတယ်၊ ပြီးတဲ့အခါကျတော့ဒီစပါးတွေကို အရင်ဆုံး သူက ကောက်လှိုင်းအဖြစ်ရရင် ကောက်လှိုင်းဦးအဖြစ် လှူတယ်၊ ထမင်းချက်လိုက်လို့ ထမင်းအိုးမှာ ရပြီဆိုရင် အိုးဦးအလှူ အရင်လှူတယ်၊ ပြီးရင် ချက်ပြုတ်ပြီးလို့ ရတယ်ဆိုရင် သူ့အတွက်ကို စားဖို့ ခင်းကျင်းလိုက်တယ်၊ အဲဒီအချိန်မှာ မစားခင် စားဦးလှူတယ်၊ အဲဒီ စားဦးလှူတဲ့အတွက်ကြောင့် ပစ္စကဒါယကာလို့ တွင်ခဲ့ပါတယ်'

'အဲဒီလိုနဲ့ ကုသိုလ်ကောင်းမှုတွေရအောင် ယူခဲ့တယ်နော်၊ အဲဒီပုဂ္ဂိုလ်ဟာ တစ်ရက်မှာ သူ့အတွက် စားဖို့သောက်ဖို့ ပြင်ထားလိုက်ပြီးဒီအချိန်အခါမှာ စားမယ်ဆိုပြီး သူ့စားဖို့အတွက် ခင်းကျင်းပြီးတော့

http://www.dhammadownload.com



အိမ်အပေါက်ဝဘက်ကို သူက ကျောပေးထိုင်နေတယ်၊ သူ့ဒကာမက ယပ်ကလေးကိုင်ပြီး အိမ်ရဲ့အပေါက်ဝဘက်ကို မျက်နှာလေးမူ နေရာယူပြီး ယပ်ခတ်ပေးနေတယ်၊ ဒီအချိန်အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်သူ့များ ချီးမြှောက်ရမလဲလို့ ဉာဏ်တော်ကွန်ရက် ဖြန့်လိုက်တဲ့အခါ မှာ ဒီဇနီးမောင်နှံကို သွားတွေ့တယ်၊ သူတို့ကို တရားတစ်ပုဒ် တစ်ဂါထာ ဟောပေးမယ်ဆိုရင်တော့ အနာဂါမ်အထိ တည်မယ့်အရေးကိုလည်း မြင်တယ်၊ အဦးတွေကို လှူတယ်ဆိုတာကိုလည်း ဘုရားရှင်က သိထားတဲ့ အတွက်ကြောင့် သူအဲဒီလို ထမင်းစားမယ့်အချိန်လေးမှာ ဖျတ်ဆို သွားပြီး တော့ ဆွမ်းရပ်တာ'

'အဲဒီ ဆွမ်းရပ်တဲ့အချိန်မှာ ဒကာမက မြင်လိုက်ပြီး ဟိုဒကာကြီး ကတော့ မသိရှာဘူး၊ တကယ်လို့များ ဘုရားရှင်ကိုတွေ့ရင် သူ့ယောကျ်ား က ဒါကိုလှူမယ်၊ အဲဒီလိုလှူမယ်ဆိုရင် ပြန်ပြီးတော့ ထမင်းအိုးတွေ တည်ရမယ် ပင်ပန်းတယ်၊ ဟော စိတ်ဆင်းရဲတဲ့အတွက်ကြောင့်မို့လို့ မလှူရအောင်ဆိုပြီး မမြင်ရအောင် သူက ကွယ်ထားလိုက်တယ်၊ ဒီအချိန် အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မသွားသေးဘဲ ရပ်နေတော့ ဒကာမက မျက်စောင်းလေး အသာလေးစောင်းကြည့်တယ်၊ ဘုရားရှင် တော့ မသိချင်ယောင်ဆောင်ပြီး နေလိုက်ရင် ကြွသွားပြီပေါ့၊ ဒါပေမယ့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မကြွဘူး၊ ဘုရားရှင် ကိုယ် တော်မြတ်ကြီး ကြွလာတာသည် သူတို့ရဲ့ဆွမ်းကို အလှူခံဖို့ မဟုတ်ပါဘူး၊ သူတို့ကို ကယ်ဖို့၊ ဒါဖြင့် ကယ်ဖို့ကြွလာတဲ့ ဘုရားရှင်ကတော့ မကယ်ရမချင်း ကြွမှာမဟုတ်ပါဘူး'

http://www.dhammadownload.com



'ဒီဒကာမကတော့ ကြွမယ်ထင်ပြီး ကြည့်လိုက်တာ ဘုရားရှင်က ရပ်နေတယ်၊ အဲဒါနဲ့ပဲ ကန်တော့ဆွမ်းပါလို့ အသံထွက်ပြီး ပြောလိုက်ရင်လည်း သူ့ယောကျ်ားကကြားရင် မဖြစ်ပြန်ဘူး၊ အဲဒါကြောင့်မို့လို့ သူက စိတ်ထဲက လျှောက်တယ်၊ ဆွမ်းကို ယခုအချိန်အခါမှာ ဟောဒီမှာ စားသောက်နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကန်တော့ဆွမ်းပါဆိုပြီး စိတ်ထဲက ပြောလိုက်တယ်၊ ဒါပေမယ့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မကြွပါဘူး၊ မကြွရခြင်းအကြောင်းက ပေတေရပ်နေတာသည် ဆွမ်းကိုမက်လို့လား၊ သူတို့ကို ကယ်ဖို့ဖြစ်တဲ့အတွက်ကြောင့် မကြွတာပါ၊ အဲဒီ မကြွတဲ့အတွက်ကြောင့်မို့လို့ သူကနေပြီးတော့ ကြည့်လိုက်တယ်၊ ဟင် ဘုရား မကြွသေးဘူးပေါ့၊ ဒါနဲ့ လက်လေးကို ခါပြတယ်၊ မလှူဘူးပေါ့နော်၊ လုပ်မိသေးလား၊ လက်လေးခါပြတယ်၊ မလှူဘူး၊ ဘုရားကလည်း ခေါင်းယမ်းပြတယ်၊ မကြွဘူးတဲ့၊ အဲဒီတော့ အခက်တွေ့နေပြီ မဟုတ်လား'

'ဒကာကြီးသိအောင်လည်းပဲ ရောင်ခြည်တော် လွှတ်လိုက်တယ်၊ အဲဒီအချိန်အခါမှာ ဒီဒကာမရဲ့အသွင်အပြင် အမူအရာ ပျက်နေတာကို သတိထားမိတော့ ဒကာကြီးက ဘာများလဲဆိုပြီး ကြည့်လိုက်တဲ့အခါမှာ ဘုရားရှင်ကို သွားတွေ့ပြီး အဲဒီကျမှ 'သြော် မင်း ငါ့ကို ဖျက်ဆီးတယ်၊ မင်း တော်တော်မိုက်တာပဲ၊ ငါရမယ့် အိုးဆွမ်းကုသိုလ် ဖျက်ဆီးတယ်' ဒီအချိန်အခါမှာ သူ စားလက်စတွေကို ယူပြီးတော့မှ ဘုရားထံကိုသွားပြီး 'ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား တပည့်တော် စားဦးလှူနေကျပါ၊ အရှင်ဘုရားကြွလာတာကို တပည့်တော် မသိပါဘူးဘုရား၊ အခုတော့ စားလက်စကြီးဖြစ်တဲ့အတွက်ကြောင့် အရှင်ဘုရားကို လှူလို့ရပါသေး

http://www.dhammadownload.com



လား ဘုရား' ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'စားပြီးသား တစ်ဝက် လည်း လှူလို့ရတယ်၊ အလယ်က ဖောက်စားထားလည်း လှူလို့ရတယ်၊ တို့တွေက သပိတ်ပိုက်ပြီး လိုက်ရှာနေရတဲ့ ပြိတ္တာမျိုးတွေကွ' ဘုရားရှင်က ကိုယ့်ကိုယ်ကို နှိမ့်ချတယ်နော်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် လူတစ်ဦးတစ်ယောက်ကို ကယ်ဖို့အရေးမှာ မေတ္တာစေတ် မကြီးဘူးလား?

'ကြီးပါတယ်ဘုရား'

'အခု စားထားတဲ့ စားကြွင်းစားကျန်ကို ဘုရားရှင်ကိုယ်တော်မြတ် ကြီးက သူ့ရဲ့ သဒ္ဓါတရားနဲ့ လှူမယ့်အရေးကို မဟန့်တားဘူးနော်၊ စားပြီး သားဖြစ်ပါစေ 'ဟောဒီဘက်က တပည့်တော် မစားရသေးပါဘူးဘုရား၊ ဟော-ကောင်းတဲ့ဘက်ကို ပြတယ်နော်၊ ဒီဘက်ခြမ်းကတော့ တပည့် တော် စားပြီးတဲ့အတွက်ကြောင့် မစားရသေးတဲ့ဘက်က လှူလို့ရပါ့ သလားဘုရား၊ အလှူခံနိုင်ပါသလားဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အလှူခံလိုက်တယ်၊ အဲဒီအလှူ ခံပြီးတော့မှ သူ့ကို ချီးမြှောက်တယ်၊ ဟော-ဘုရားရှင်က သူတို့ကိုဟောဖို့ တရားရွေးလိုက်တဲ့အတွက်ကြောင့် သူတို့တွေသည် အတိတ်တစ်ခုမှာ ရုပ်နာမ်တရားကို နာခဲ့ရတဲ့အကြောင်းလေး သိလိုက်ရတဲ့အတွက်ကြောင့် ရုပ်နာမ်တရားကို အခြေခံထားပြီး ဟောပါတယ်၊ ဘာတရားလဲ?

'ရုပ်၊ နာမ်တရားပါဘုရား'

'ရုပ်၊ နာမ်တရားကို အခြေခံထားပြီးတော့ ဟောတယ်၊ ရုပ်၊ နာမ် နှစ်ပါးရဲ့အကြောင်းကို သိပြီဆိုရင် ကျေးဇူးများတယ်နော်၊ အတိတ်တုန်း

http://www.dhammadownload.com



က ဒီရုပ်နာမ် နှစ်ပါးလေးကို နာခဲ့တဲ့အတွက်ကြောင့်မို့လို့ သံသရာ တစ်လျှောက်လုံးမှာ (၉၁) ကမ္ဘာတိုင်တိုင် အပါယ်မကျခဲ့ဘူး၊ စွမ်းအား မကြီးဘူးလား၊ အေး-ယနေ့ မွေးနေ့မှာလည်း သူတော်စင်များကို ဓမ္မ လက်ဆောင်က ဟောဒီ ရုပ်တရား၊ နာမ်တရားတွေအပေါ်မှာ အမြင်ရှင်း တဲ့ အသိလေးကို ဟောပေးလို့များ သဘောပေါက်မယ်ဆိုရင် ဒီအသိ တရားလေး ကိန်းသွားမယ်ဆိုရင် တန်ဖိုးမရှိဘူးလား?

'ရှိပါတယ်ဘုရား'

'အဲဒီအသိတရားလေးရရင် မိမိတို့ရဲ့သန္တာန်မှာ ကျေးဇူးများတာ က သံသရာတစ်လျှောက်မှာလည်း အပါယ်လေးဘုံက လွတ်မြောက် အောင် ကယ်နိုင်သလို ဘုရားတစ်ဆူဆူနဲ့ တွေ့ရင်လည်းပဲ ဒီရုပ်၊ ဒီနာမ် လေးကို ပြန်ရတာနဲ့ အခု ပစ္စကဗနီးမောင်နှံတို့ အနာဂါမ်တည်မှာနော်၊ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရုပ်၊ နာမ်တရားတွေအပေါ် မှာ အခြေခံထားပြီးတော့ ရုပ်တရားဆိုတဲ့အပေါ်မှာလည်းပဲ ဖောက်ပြန် တတ်တဲ့သဘောကို အလွယ်မှတ်ရင် ဘာတဲ့တုန်း ရုပ်တရား၊ အဲဒီ ရုပ်တရားသည် သိတတ်လားမေးရင် မသိတတ်ဘူး၊ မသိတတ်လို့လည်း ရုပ်တရား၊ ဖောက်ပြန်တတ်တဲ့ သဘောရှိလို့လည်း ရုပ်တရား၊ အဲဒီ ဖောက်ပြန်တတ်တဲ့သဘောမှာ မိမိတို့အတွက် နာတယ်၊ ကျင်တယ်၊ တောင့်တယ်၊ တင်းတယ်၊ ကိုက်တယ်၊ ခဲတယ်၊ ပူတယ်၊ အေးတယ် မလာဘူးလား?

'လာပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါတွေက ဖောက်ပြန်တတ်တဲ့သဘောတွေနော်၊ ဘာလို့ခေါ်၊ ရုပ်တရားလို့ ခေါ်တယ်နော်၊ ခန္ဓာကိုယ်ထဲမှာ လှုပ်လည်း ဘာတရား?

'ရုပ်တရားပါဘုရား'

'နာလည်းပဲ . . .'

'ရုပ်တရားပါဘုရား'

'စူးတာလည်း . . .'

'ရုပ်တရားပါဘုရား'

'ကိုက်တာ၊ ခဲတာလည်း . . .'

'ရုပ်တရားပါဘုရား'

'အေး . . . ဒီတရားလေးတစ်ချက်ကိုသိဖို့ အာရုံပြု၊ မိမိသန္တာန်မှာရှိနေတဲ့ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်နဲ့ ပြနေတဲ့ ပုံသဏ္ဌာန်မှာ အကြောင်းတိုက်ဆိုင်လို့ ပြလာတဲ့ လှုပ်မှု၊ နာမှု၊ တင်းမှု၊ ညောင်းမှု၊ ကိုက်မှု၊ ခဲမှု၊ အောင့်မှု၊ စူးမှု၊ တုန်မှု၊ ခုန်မှု ဒီသဘောလေးတွေသည် မျက်လုံးနဲ့လည်း မမြင်၊ ကိုင်ပြ တွယ်ပြလို့လည်းမရ၊ ကိုင်လို့ တို့လို့လည်းမရ၊ သဘောတရားမျှသာ အာရုံလေးပြုမယ်ဆိုရင် ပြတိုင်းပြတိုင်း သိခွင့်မရဘူးလား?

'ရပါတယ်ဘုရား'

'ဟော - ဒါဆိုရင် လှုပ်တယ်၊ နာတယ်၊ ပူတယ်၊ အေးတယ် ဆိုတဲ့ တရားသည် သိတတ်တဲ့သဘောရှိလား?

'မရှိပါဘူးဘုရား'

http://www.dhammadownload.com



'အာရုံညွှတ်ပြီးတော့ ဒါလေးပြတိုင်းပြတိုင်းကို သိတာကတစ်ခု၊ ပြတာကတစ်ခု၊ လှုပ်တာလေး ပြတယ်၊ နာတာလေး ပြတယ်၊ ကိုယ်ပေါ်မှာ ပြတာသည် ဖောက်ပြန်တဲ့ ရုပ်တရား၊ အဲဒီ ပြတိုင်းပြတိုင်း သိတဲ့ အသိလေးက -

'နာမ်တရားပါဘုရား'

'ဒါဆိုရင် မှတ်လိုက်၊ အာရုံကို ညွှတ်တတ် သိတတ်တဲ့သဘောသည် နာမ်တရား၊ ဖောက်ပြန်တတ်တဲ့သဘောက -

'ရုပ်တရားပါဘုရား'

'မသိတတ်တဲ့သဘောက -

'နာမ်တရားပါဘုရား'

'ကဲ-ဒီလောက်ဆိုရင် ဟုတ်သွားပြီ၊ ရုပ်နဲ့ နာမ်လေးအပေါ်မှာ နှစ်ချက်ရှင်းသွားပြီ၊ ဒီရုပ်နာမ်ကို ကြည့်တော့၊ ဟောဒီ ဖောက်ပြန်တတ်တဲ့ တရားတွေလည်း ဖောက်ပြန်လိုက်၊ ပျက်စီးလိုက် မပြဘူးလား?

'ပြပါတယ်ဘုရား'

'မြဲတာ တစ်ခုမှ မရှိဘူးနော်'

'မှန်ပါ့ဘုရား'

'ဒါဖြင့် ဖောက်ပြန်တဲ့သဘောလေးက လှုပ်တယ်၊ ပျက်သွားတယ်၊ အေးတယ်၊ ပျက်သွားတယ်၊ လှုပ်တာလေးပျက်သွားရင် လှုပ်တာကိုသိ

http://www.dhammadownload.com



တဲ့ အသိလည်း မပျက်ဘူးလား?

'ပျက်ပါတယ်ဘုရား'

'အေးတာလေးပေါ်ရင် အေးတာကိုသိတဲ့ အသိလေးတစ်ခု မလာဘူးလား?

'လာပါတယ်ဘုရား'

'အေးတာလေးချုပ်ရင် အေးတာကိုသိတဲ့အသိကော ရှိသေးလား?

'မရှိပါဘူးဘုရား'

'ဒါဖြင့် ပြတဲ့ရုပ်နာမ်သည်ပင် မမြဲဘူးဆိုတာလည်း မှတ်ထားနော်'

'မှန်ပါ့ဘုရား'

'အဲဒါလေးကို အတိတ်တစ်ခုမှာ သူတို့နာလိုက်ရတဲ့ အနေအထားလေးသည် ဘယ်လောက် ကျေးဇူးများလဲမေးတော့ အခု ဂေါတမမြတ်စွာဘုရားနဲ့တွေ့တဲ့အချိန် ဒီရုပ်၊ ဒီနာမ် ဒီသဘောလေးတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဲဒါလေးကို မြင်အောင်ပြလိုက်တဲ့ခဏလေးမှာ သူတို့ သိခဲ့တဲ့ အသိတရား၊ ဟောပေးတဲ့တရားကို ဉာဏ်လေးမှာ ကိုယ်ကရလိုက်တဲ့ အနေအထားက ခန္ဓာထဲကို ကြည့်တတ်သွားတော့ ဒီနေရာမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်သွားတယ်ဆိုတော့ အလွန်ကျေးဇူးများသွားပြီ၊ ဘာအထိ တည်သွားသလဲ?

'အနာဂါမ်အထိ တည်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ဘာလေး သိခဲ့လို့'

'ရုပ် နာမ် သိခဲ့လို့ပါဘုရား'

'အဲဒီ ရုပ်နာမ်လေးကို သိခဲ့တဲ့အတွက်ကြောင့်မို့လို့ အဲဒီအချိန်တုန်းက ဘုရားပေါ်မှာ ကြည်ညိုတဲ့သဒ္ဓါတရား သူတို့ရဲ့သန္တာန်မှာ ကိန်းခဲ့သလို အဲဒီတရားလေးပေါ်မှာလည်း ကြိုးစားပြီးတော့ နှလုံးသွင်းခဲ့တဲ့ ဒီဇနီးမောင်နှံ ကြည့်လိုက်နော်၊ သဒ္ဓါတရားကိုလည်းပဲ ဖြစ်အောင်ကြိုးစားခဲ့တယ်၊ တူညီတဲ့ သီလတရားကိုလည်းပဲ စောင့်ရှောက်ခဲ့တယ်၊ စာဂတရားတွေ၊ ဟောဒီ ပညာစခန်းမှာလည်း ဝိပဿနာ ရုပ် နာမ်ကို သိခွင့်ရအောင်၊ တူညီအောင် ဖြည့်ဆည်းခဲ့တဲ့အတွက်ကြောင့်မို့လို့ အခု ဂေါတမမြတ်စွာဘုရားလက်ထက်မှာလည်း တူယှဉ်တွဲ လာဖြစ်ပြီး ဘုရား တရားပွဲမှာ အတူနာရပြီးတော့ ကျွတ်တန်းဝင်သွားတာကိုက ရေစက်ဆုံတယ်၊ ရေစက်ဆုံတဲ့နေရာမှာ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ပြောလိုက်ပါ'

'သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာပါဘုရား'

'အဲဒီတရားတွေအပေါ်မှာ ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရင် ယနေ့သူတော်စင်တွေ နိဗ္ဗာန်မရမချင်းမှာ ချစ်ချစ်ခင်ခင်နဲ့ နေရသလို နိဗ္ဗာန်တံခါးကိုလည်း အလွယ်တကူ ဖွင့်လို့မရဘူးလား?

'ရပါတယ်ဘုရား'

'အခု ပစ္စကဇနီးမောင်နှံကတော့ အလွယ်တကူ ဖွင့်ဝင်သွားပြီ၊ မိမိတို့တစ်တွေလည်းပဲ ဖွင့်ဝင်နိုင်အောင်ဆိုပြီးတော့ အခု စာဂတရားတွေ

http://www.dhammadownload.com



နဲ့ စွန့်ကြဲပေးကမ်းတယ်၊ ဒါနမျိုးစေ့တွေကို အားရပါးရ မလုပ်ဘူးလား?

'လုပ်ပါတယ်ဘုရား'

'အဲဒီလို လုပ်တဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့ တစ်ယောက် ကန့်ကွက်ခြင်းမရှိဘဲနဲ့ ထက်သန်တဲ့ သဒ္ဓါတရားနဲ့ ပံ့ပိုးနေတော့ အားလုံးသော မိသားစုအလှူရှင်တွေရဲ့သန္တာန်မှာ တူမျှတဲ့ သဒ္ဓါတရားကော မကိန်းဘူးလား?

'ကိန်းပါတယ်ဘုရား'

'စာဂတရားကလည်း တစ်ဦးနဲ့တစ်ဦး ပံ့ပိုးတာပဲရှိတယ်၊ ကန့်ကွက်ခြင်း မရှိဘူး၊ ယနေ့ စောင့်ထိန်းကြတဲ့နေရာမှာလည်း ရှစ်ပါးသီလကို ခံယူ ဆောက်တည်ကြတယ်၊ ကိုယ့်အိမ် ကိုယ့်ယာမှာလည်း ကိုယ်တတ်စွမ်းသမျှ နှစ်ယောက်သား သီလတရားတွေကို တူညီအောင် ဖြည့်ဆည်းရင် သီလအပေါ်မှာလည်း ညီညွတ်မှု မရှိနိုင်ဘူးလား?

'ရှိနိုင်ပါတယ်ဘုရား'

'ကဲ-အခုလို ဝိပဿနာတရားတွေကို ဟောပြန်တော့လည်းပဲ ထောင်နိုင်တဲ့နားက အတိတ်ကသာ ဖြည့်ဆည်းခဲ့ရင် နှစ်ယောက်သား နာလို့ရတယ်နော်'

'မှန်လှပါဘုရား'

'တစ်ယောက်ကတော့ နာတတ်တယ်၊ တစ်ယောက်ကတော့ မနာတတ်ရင် အဲဒီပုဂ္ဂိုလ် ချွတ်ယွင်းချက်ရှိနေပြီနော်၊ ဒီလိုဆိုရင် ရှေ့လျှောက်

http://www.dhammadownload.com



ရမယ့် အနာဂတ်မှာ တူယှဉ်တွဲလို့ ဖြစ်ပါ့မလား?

'မဖြစ်ပါဘူးဘုရား'

'ဒါဖြင့် တူယှဉ်တွဲပြီး နိဗ္ဗာန်အထိကို ပစ္စကဇနီးမောင်နှံတို့လို ဝင်ချင်ပါတယ်ဆိုရင်တော့ ပညာကိုလည်း တူအောင်ဖြည့်ရမယ်၊ ဒါဖြင့် ပညာကိုတူအောင် ဖြည့်ဖို့အတွက်က တခြားအလုပ် လုပ်ရမှာလား ဝိပဿနာလုပ်ရမှာလား?

'ဝိပဿနာလုပ်ရမှာပါဘုရား'

'အေး-အဲဒီ ဝိပဿနာအလုပ်ကို လုပ်လိုက်တဲ့အတွက်ကြောင့်မို့ လို့ လှူဒါန်းတဲ့နေရာမှာ ခရီးရောက်သွားသလို မိမိတို့ အခုလို ပစ္စက ဇနီးမောင်နှံလည်း ဘုရားရှင်အပေါ်မှာ အနာဂါမ်တည်သွားတယ်၊ လှူဆဲ ခဏမှာပဲ ကောင်းမှုကုသိုလ်မျိုးစေ့ကို အကြောင်းပြုပြီးတော့ ဟောဒီ ဝိပဿနာဉာဏ်ခြံရံတဲ့ အလှူသည် သောတာပန်လည်း တည်နိုင်တယ်၊ သကဒါဂါမ်၊ အနာဂါမ်လည်း တည်နိုင်တယ်၊ ရဟန္တာလည်း ဖြစ်နိုင်တယ်၊ ကိုယ်လှူတဲ့အလှူကလည်း ကြီးကျယ်ခမ်းနားတဲ့အကျိုးတွေကို ရလိုက် ပါလားဆိုတာကို သိရရင် ဝမ်းမြောက်စရာ မကောင်းဘူးလား?

'ကောင်းပါတယ်ဘုရား'

'အဲဒါလေးကို အကြောင်းပြုဖို့က ယနေ့ အဆောက်အအုံကြီးကို လှူလိုက်ကြတဲ့ အလှူရှင်တွေ ကောင်းမှုကုသိုလ်တွေကို ပံ့ပိုးကြတဲ့ သာသနာအတွက် အဖက်ဖက်က ပြည့်စုံအောင် ဖြည့်ဆည်းကြတဲ့

http://www.dhammadownload.com



သူတော်စင်အားလုံး မိမိတို့ရဲ့ လျှုဒါန်းမှုအပေါ်မှာ အာရုံလေးပြုပြီးတော့ ကြည်နူး ကျေနပ် ဝမ်းမြောက်နိုင်ဖို့ ကိုယ်လှူတဲ့အလှူပေါ်မှာ ဩော်-ငါတို့ ဒါနကုသိုလ်လည်း ရထားပြီ၊ သီလကုသိုလ်လည်း ရထားပြီ၊ အဲဒီ ကုသိုလ်တရားတွေအပေါ်မှာ စင်ကြယ်ကောင်းမြတ်တဲ့ အလှူတစ်ခု ရနိုင်ဖို့အတွက် ပညာစခန်းပေါ်မှာ 'ဩော်-ငါတို့ ဖြည့်ဆည်းလိုက်ရင် တန်ဖိုးရှိလိုက်တာ' ဆိုတဲ့ အမြင်၊ အသိက လှူတဲ့ပုဂ္ဂိုလ်ရဲ့ရှေ့က စံပြတစ်ခုသာ တွေ့ရမယ်ဆိုရင်လည်းပဲ အဲဒီလမ်းကို မလိုက်မှာလား လိုက်မှာလား?

'လိုက်မှာပါဘုရား'

'ဒါဆိုရင်တော့ ကုသိုလ်ရဲ့စွမ်းအားသည် ချက်ချင်း လက်ငင်း အကျိုးပေးသလို သောတာပန်ကိုလည်းပဲ တည်စေသလို အနာရောဂါတွေလည်း ကင်းပျောက်စေတဲ့ စွမ်းအားသတ္တိကြီးပုံလေးက ကုသိုလ်ရှိရင် ကယ်လို့ရတယ်ဆိုတာ မမေ့နဲ့နော်၊ အဲဒီတော့ ကျောင်းအလှူကြီးကို လှူတဲ့ ရောဟိနီမင်းသမီးကို အာရုံပြု၊ ဘယ်သူ့ကို အာရုံပြုမလဲ?

'ရောဟိနီမင်းသမီးပါဘုရား'

'ရောဟိနီမင်းသမီးကို အာရုံပြုမယ်နော်၊ သူသည် ဒီဘဝမှာ လာပြီးတော့ လူဖြစ်တာသည် အကုသိုလ်လား၊ ကုသိုလ်လား?

'ကုသိုလ်ပါဘုရား'

'ယနေ့ လူလာဖြစ်ကြတာသည် ကုသိုလ်ကြောင့်၊ ဘာကြောင့်?

'ကုသိုလ်ကြောင့်ပါဘုရား'

http://www.dhammadownload.com



'ကုသိုလ်ကြောင့် လူလာဖြစ်တယ်၊ အဲဒီကုသိုလ်ကြောင့် လူလာဖြစ်တဲ့ဒနေအထားမှာ နိမ့်ကျတဲ့ဘဝ၊ သိမ်ငယ်တဲ့ဘဝ၊ လူတောထဲ မတိုးနိုင်တဲ့ဘဝ၊ နူနာဖြစ်ရတဲ့ဘဝဆိုတော့ အရုပ်မဆိုးဘူးလား?

'ဆိုးပါတယ်ဘုရား'

'ကုသိုလ်ဆိုတာက အပြစ်မရှိ ကောင်းသောအကျိုးကို ပေးသည်၊ ဒါဖြင့် ကောင်းတဲ့အကျိုးကိုပေးတာက ဘာတုန်းဟေ့'

'ကုသိုလ်ပါဘုရား'

'အပြစ်ကင်းတဲ့သဘောကလည်း ဘယ်သူ့သဘော'

'ကုသိုလ်သဘောပါဘုရား'

'ဟော-အပြစ်ကင်းတယ်ဆိုရင် ကုသိုလ်သာ အကျိုးပေးတယ်၊ လူ့ဘဝ နူနာရောဂါဖြစ်စရာအကြောင်း မရှိဘူး၊ ကုသိုလ်သာ အပြစ်ကင်းတယ်ဆိုရင်ပေါ့နော်၊ ဒါဖြင့် ကုသိုလ်သာ အစစ်အမှန် အပြစ်ကင်းပါတယ်၊ ဒီကုသိုလ်အပေါ်မှာ တို့တွေက ရောသွားရင်တော့ အပြစ်မကင်းဘူး၊ အဲဒီ ရောသွားတဲ့အနေအထားလေးသည် ဘယ်လိုရှိလဲဆိုတာက ကိုယ်ခန္ဓာမှာ နူနာရောဂါစွဲကပ်နေတဲ့သဘောက ပြပြီနော်၊ သူသည် ကောင်းမှုကုသိုလ်ရော မလုပ်ဘူးလား?

'လုပ်ပါတယ်ဘုရား'

'လှူဒါန်းတဲ့ကောင်းမှုကုသိုလ်တော့ လုပ်တယ်၊ ဒါပေမယ့် လူဖြစ်တဲ့နေရာမှာ နူနာရောဂါသည်ဆိုတော့ အတော့်ကိုပဲ သူ့ခမျာ နိမ့်ကျ

http://www.dhammadownload.com



ရတယ်၊ သိမ်ငယ်ရတယ်၊ လူရာမဝင်လောက်အောင် မျက်နှာငယ်ရတယ်၊ ဒီအဖြစ်ဆိုးနဲ့ ကြုံနေတဲ့အခိုက်အတန့်မှာ တစ်နေ့တစ်နေ့ စိတ်ဆင်းရဲလိုက်တာ၊ စိတ်သောကဖြစ်လိုက်တာ လောကကြီးထဲက နည်းမျိုးစုံနဲ့ ထွက်ချင်လောက်အောင်ကိုပဲ စိတ်နာတဲ့သဘောဟာ ရထားတဲ့ဘဝ မကျေနပ်လို့နော်၊ ယနေ့ သူတော်စင်များ ပြည့်စုံနေတဲ့ဘဝ၊ တင့်တယ်နေတဲ့ဘဝများ နေရမယ်ဆိုရင် အဲဒီစိတ်မျိုး ပေါ်မလား?

'မပေါ်ပါဘူးဘုရား'

'အေး-အဲဒီစိတ်မျိုး ဘယ်ပေါ်မလဲ၊ အခုတော့ ရောဟိနီအမျိုးသမီးကတော့ အဲဒီစိတ်တွေ ဖြစ်ပေါ်နေပြီ၊ ဒီစိတ်တွေဖြစ်ပေါ်လို့ ညှိုးနွမ်းနေတဲ့အခိုက်အတန့်လေးမှာ အစ်ကိုဖြစ်တဲ့ အရှင်အနုရုဒ္ဓါက ညီမငယ်ကို "မင်း ဒီအတိုင်း မနေနဲ့၊ စိတ်သောကတွေ ဒီလောက်ကြီး ဆင်းရဲပြီးတော့ ကိုယ်ပဲ ပင်ပန်းတယ်၊ စိတ်ဆင်းရဲသောကတွေနဲ့ ကိုယ်မှာ ကျန်းမာရေးထိခိုက်တယ်၊ အဲဒါမဖြစ်ရအောင်လို့ ဟောဒီသာသနာတော်မှာ ကျောင်းဆောက်ပြီးတော့ လှူစမ်းပါ" လို့ ညီမကို တိုက်တွန်းတော့ ညီမက သူ့မှာရှိတဲ့ လက်ဝတ်လက်စားတွေကို ထုခွဲရောင်းချပြီးတော့ ကျောင်းဆောက်လှူတယ်၊ မပြည့်လို့ ဆွေမျိုးသားချင်းတွေက ဝိုင်းပြီးတော့ ဖြည့်ဆည်းပေးလို့ ကျောင်းတစ်ဆောင်ဖြစ်မြောက်တယ်ပေါ့နော်၊ အခုလည်းပဲ မိမိတို့တစ်တွေသည် ဟောဒီမှာ တစ်ဦးတည်း မတတ်နိုင်ပေမယ့် မြောက်မြားစွာသော ပုဂ္ဂိုလ်တွေက ပံ့ပိုးပေးတဲ့အတွက် ယောဂီဆောင်တစ်ဆောင်ဖြစ်လား၊ မဖြစ်ဘူးလား?

'ဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကျောင်းတစ်ဆောင် ဖြစ်နိုင်တယ်၊ ဓမ္မာရုံတစ်လုံး ဖြစ်နိုင်တယ်၊ အဲဒီလို ပေါင်းစုတဲ့ ကောင်းမှုကုသိုလ်တွေဟာ တစ်ဦးတည်း မတတ်နိုင်ရင်လည်းပဲ ဖြည့်ဆည်းနိုင်တဲ့ စွမ်းအားသတ္တိ ကုသိုလ်ပြုတဲ့နေရာမှာ အားလုံးသော သူတော်စင်တွေ ယနေ့ ကုသိုလ်ပြုတဲ့ပွဲမှာ စင်ကြယ်အောင် နှလုံးသွင်းဖို့အတွက် ဒီတရားသည် အထောက်အပံ့ကောင်းလို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'အခု ညီမငယ်ကို အဲဒီလိုလေး ကျောင်းဆောက်လှူခိုင်းပြီးတော့ နှစ်ထပ်ကျောင်းလေး လှူခိုင်းတဲ့နေရာမှာ ပထမတစ်ထပ်ပြီးသွားပြီ၊ အဲဒီ ချိန်ခါမှာ ညီမငယ်ကို ဝေယျာဝစ္စလုပ်ခိုင်းပြီးတော့ ကြမ်းတိုက်ခိုင်းတယ်၊ အဲဒီလို ကြမ်းတိုက်ခိုင်းတဲ့ ဝေယျာဝစ္စနဲ့ ပထမအထပ်လေးမှာ ပင်ပင်ပန်းပန်းနဲ့ ကြိုးစားပြီးတော့ ဖြည့်ဆည်းလိုက်တာ ဒီတစ်ထပ်ပြီးသွားတဲ့ အချိန်မှာ အရည်တစိုစိုနဲ့ဖြစ်နေတဲ့ နူနာသည် ခြောက်သွားတယ်ပေါ့၊ ကုသိုလ်က ချက်ချင်း အကျိုးပေးတာ၊ အနာလေး ညှီးမလာဘူးလား?

'ညှီးလာပါတယ်ဘုရား'

'အကြည့်ရဆိုးတဲ့အနာလေးသည် အနည်းငယ် ခြောက်လာပြီ၊ ဒီလိုနဲ့ ကျောင်းကြီးတစ်ဆောင်လုံး ပြီးသွားပြီ၊ ရေစက်ချတယ်၊ အဲဒီ ရေစက်ချတဲ့ပွဲမှာ ရှက်လို့ သူက မလာဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကြွလာတယ်၊ အလှူရှင်နဲ့ ရေစက်ခွက်မှာ ရေစက်ခွက်သာ တွေ့ရတယ်၊ အလှူရှင်ပေါ်မလာဘူး၊ အဲဒီကျတော့ ဘယ်သွားနေလဲ၊

http://www.dhammadownload.com



အလျှုရှင် ခေါ်စမ်းပါအုံးဆိုတော့ ရောဟိနီမင်းသမီးလေး နေလို့မရတော့ဘူး၊ အဲဒီကျတော့ လာပြီး သိမ်သိမ်ငယ်ငယ်နဲ့ လာနေရတဲ့အနေအထားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ချစ်သမီး-သင် အခုပြုတဲ့ ကောင်းမှုကုသိုလ်ပွဲမှာ စင်စင်ကြယ်ကြယ်နဲ့ အရယူနိုင်ဖို့ကို မမေ့နဲ့၊ သင် ချစ်သမီး အခုတော့ လူ့ဘဝမှာ ကုသိုလ်အဖြစ်နဲ့ရလို့ ရောက်ခဲ့ပြီးပြီ၊ ဒါပေမယ့် အခုလို ကိုယ်ရေပြားရောဂါနဲ့ ရုပ်ပျက်ဆင်းပျက်နဲ့ လူတောထဲမဝင်နိုင်အောင် ဖြစ်ခဲ့ရတာ တခြားကြောင့်မဟုတ်ပါဘူး၊ အတိတ်တစ်ခုမှာ သင်ဘာဖြစ်ခဲ့သလဲဆိုရင် မိဖုရားကြီးဖြစ်ခဲ့တယ်'၊ ဘာဖြစ်ခဲ့တုန်း?

'မိဖုရားကြီးဖြစ်ခဲ့ပါတယ်ဘုရား'

'အဲဒီမိဖုရားကြီး ဖြစ်ခဲ့တဲ့နေရာမှာ ရှင်ဘုရင်ရဲ့အလိုလိုက်မှုကို ရရှိတဲ့အတွက်ကြောင့်မို့လို့ အင်မတန်ပျော်တယ်၊ တစ်နေ့မှာ မောင်းမလေးတစ်ယောက်ကို ရှင်ဘုရင်က အလိုလိုက်ပြီးတော့ ဦးစားပေးမိတဲ့အတွက်ကြောင့်မို့လို့ ငါ့ထက်သာပြီးတော့ ဒီလို အလေးထားရမလားဆိုတာက တခြားလား၊ မာနလား?

'မာနပါဘုရား'

'မာနကလည်း ရှိနေတယ်၊ တစ်ဖက်သားကို အဲဒီလိုမျိုး ဦးစားပေးတာကို ကြိုက်လား?

'မကြိုက်ပါဘူးဘုရား'

http://www.dhammadownload.com



'မကြိုက်တာက ဒေါသ၊ ဘာတရားလဲ၊ ဟော. . . ကုသိုလ်လား အကုသိုလ်လား?

'အကုသိုလ်ပါဘုရား'

'မာနတရားရယ်၊ ဒေါသတရားရယ်၊ အဲဒီတရားနှစ်ခု နှိုးဆော်လိုက်တဲ့စွမ်းအား သူ့သန္တာန်မှာ နေလို့မရတော့ဘူး၊ ဩော်-ငါ့ကို ကျော်ပြီးတော့ ဒီမောင်းမကို ဒီလိုမျိုး အလိုလိုက်ရမလား၊ အရေးပေးရမလား ဆိုပြီးတော့ ကြည့်မရတဲ့အတွက်ကြောင့်မို့လို့ သွားပြီးတော့ အဲဒီ ဒကာမလေး အိပ်တဲ့အိပ်ရာပေါ်မှာ အင်မတန်ယားတဲ့ ခွေးလှေးယားသီးမှုန့်တွေကို ဖြူးထားလိုက်တော့ ဟိုဒကာမလေး အိပ်တဲ့နေရာမှာ ဟော တစ်ကိုယ်လုံး ယားလို့ ကုတ်လိုက်ရတာ၊ ဖွဲ့လိုက်ရတာ တွန့်လိမ်နေတဲ့ အသွင်ကို ကြည့်ပြီးတော့ ရယ်လိုက်တာသည် သူပြုခဲ့တဲ့ကံ၊ သူ မပြုခဲ့ဘူးလား?

'ပြုခဲ့ပါတယ်ဘုရား'

'ပြုတုန်းက ဘာတုန်းဟေ့ ကံ၊ အခုတစ်ခါ ပြန်ပြီးတော့မှ သူ့မှာ နူနာရောဂါဖြစ်ပြီးတော့မှ အငြိမ်မနေရအောင် ယားလို့၊ ကုတ်လို့၊ ဖွဲ့လို့ အရည်တွေ တစိုစိုထွက်လာအောင်ကို ဒုက္ခဆင်းရဲကြုံပြီးတော့ ပြန်မခံရဘူးလား?

'ခံရပါတယ်ဘုရား'

'ခံရတာက ဝိပါက်၊ ပြုတာက . . .'

'ကံပါဘုရား'

http://www.dhammadownload.com



'ခံရတာက . . .'

'ဝိဘတ်ပါဘုရား'

'ကံနဲ့ ဝိဘတ် ဘယ်ဟာက ကြောက်စရာကောင်းတုန်း?

'ကံက ကြောက်စရာကောင်းပါတယ်ဘုရား'

'မိမိတို့ပြုတဲ့ကံရှိရင် အဲဒီပြုတဲ့ကံအတိုင်း ပြန်ခံရတယ်၊ ဒါကြောင့် မို့လို့ ဝိဘတ်က ကြောက်စရာမကောင်းဘူး၊ ကံက ကြောက်စရာကောင်း တာ၊ ယနေ့ မိမိတို့တစ်တွေ ဒါနကုသိုလ်၊ သီလကုသိုလ် ကံတရားတွေ ကို မလုပ်ဘူးလားဟေ့?

'လုပ်ပါတယ်ဘုရား'

'အဲဒီ ကံတရားတွေလုပ်တဲ့နေရာမှာ စင်ကြယ်ဖို့ အရေးကြီး တယ်နော်'

'မှန်ပါဘုရား'

'ကုသိုလ်ဆိုတာ အပြစ်မရှိ ကောင်းသောအကျိုးကို ပေးတယ်၊ အခုတော့ အကျိုးတော့ပေးတယ်၊ လူ့ဘဝအကျိုးပေးပေမယ့် ကိုယ် ရေပြားရောဂါသည်နဲ့ လာပြီးတော့ နူနာစွဲပြီးတော့မှ ဒုက္ခ အကြီးအကျယ် ရောက်ရတဲ့ဘဝ၊ လူရာမဝင်တဲ့ဘဝလောက် အရုပ်ဆိုး အကျည်းတန် တာ ရှိသေးလား?

'မရှိပါဘူးဘုရား'

http://www.dhammadownload.com



'အဲဒီဘဝ ဘယ်သူနေချင်တုန်း'

'မနေချင်ပါဘူးဘုရား'

'ချစ်သမီးတဲ့၊ သင်ပြုခဲ့တဲ့ မာန၊ သင်ပြုခဲ့တဲ့ ဒေါသ အခြေခံပြီး တော့ လုပ်ခဲ့တဲ့ကံ၊ အဲဒီ ပြုခဲ့တဲ့ကံကြောင့် သင် ပြန်ခံရတဲ့ ဝိဘတ်ကြီး က ကြောက်စရာ၊ ဒါကြောင့် ယနေ့ပြုတဲ့ ကုသိုလ်ပွဲမှာ အဲဒီ ကံတရား တွေကို သင် ဖြတ်နိုင်အောင်လို့ အပြစ်ကင်းတဲ့ကုသိုလ်ကိုရအောင် ချစ်သမီးတဲ့ သင်လှူတဲ့ကုသိုလ်ကောင်းမှုမှာ ဒေါသပယ်ပြီးလှူပါ။ ဘာပယ် ပြီး?

'ဒေါသပယ်ပြီးပါဘုရား'

'အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'မိမိတို့ လှူဒါန်းတဲ့နေရာမှာ ဒေါသ မဖြစ်စေနဲ့နော်၊ ကောင်းမှု ကုသိုလ်လုပ်တဲ့နေရာမှာ စိတ်တိုင်းမကျတာက များတယ်လေ၊ မများ ဘူးလား?

'များပါတယ်ဘုရား'

'အဲဒီလို များတဲ့နေရာမှာ ဒေါသလေးပါပြီဆိုရင် အဲဒီကုသိုလ် ညစ်နွမ်းသွားပြီနော်၊ ကိုယ်ပြုတဲ့ကုသိုလ်အပေါ်မှာ ဒေါသတရား ရောယှက်သွားရင် ဘာဖြစ်၊ ညစ်နွမ်းသွားပြီ၊ အဲဒီလိုဆိုတော့ ကုသိုလ်က တော့ အကျိုးပေးတယ်၊ လူ့ဘဝ၊ ခုနလို ဒေါသ မာနတွေဖြစ်ပြီဆိုရင်

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တစ်ကြိမ်မှာ မာလိကာမိဖုရားကြီးက လည်း မေးဖူးတယ်၊ 'အရှင်ဘုရား-တစ်ချို့တစ်ချို့ အမျိုးသမီးတွေဟာ အင်မတန် ရုပ်ဆိုးတယ်ဘုရား၊ အကျည်းတန်တယ်ဘုရား၊ ပုံပန်းကလည်း မကျဘူးဘုရား၊ အဲဒါ ဘာကြောင့်လဲဘုရား' လို့ မေးတယ်၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ချစ်သမီး-ဒေါသတရားရှိခဲ့တဲ့အတွက် ကြောင့်မို့လို့ ရုပ်ဆိုးတယ်၊ ပုံပန်းမကျဘူး၊ သရဲသဘက်လို အကျည်း တန်တယ်' ဒါဖြင့် ရုပ်ဆိုးတဲ့ပုဂ္ဂိုလ်တွေ ဘာရှိလို့?

'ဒေါသရှိလို့ပါဘုရား'

'ပုံပန်းမကျတဲ့ပုဂ္ဂိုလ်တွေ ဘာရှိလို့?

'ဒေါသရှိလို့ပါဘုရား'

'ဒါဖြင့် ကိုယ်လှူတဲ့ ကောင်းမှုကုသိုလ်ပွဲမှာ ဘာမပါအောင် လှူမယ်'

'ဒေါသမပါအောင် လှူရပါမယ်ဘုရား'

'အရေးကြီးတယ်နော်၊ အဲဒီဒေါသကြောင့် ကိုယ်က သူများကို သတ်မိတယ်၊ သူများကို မကောင်းကြံမိမယ်၊ အခုကြည့်လေ - ရောဟိနီ မင်းသမီးလေး ဘာလာဖြစ်လဲမေးတော့ နူနာရောဂါသည် ဖြစ်ရတယ်၊ မီးဟုန်းဟုန်းတောက်အောင် မြေပြိုတ္တာဘ၀ကိုရောက်ခဲ့တာလည်း ဒေါသ တရားရှိလို့၊ သူခိုးတစ်ယောက် ဒေါသဖြစ်လို့ ဘုရားကျောင်းကိုတောင် မီးရှို့ရဲတဲ့သတ္တိလည်း သူ့မှာ မပေါ်ခဲ့ဘူးလား?

'ပေါ်ခဲ့ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့်မို့လို့ အဝီစိငရဲကိုကျပြီးတော့ ဘဝအတော်များများမှာ အပါယ်လေးဘုံချည်းပဲ ရောက်ပြီးတော့ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ မီးဟုန်းဟုန်းတောက်နေတဲ့ မြွေပြိတ္တာကြီးဘဝ ခံခဲ့ရတယ်၊ အဲဒါ ဘာကြောင့်လဲ?

'ဒေါသကြောင့်ပါဘုရား'

'ဒါဖြင့် ဒေါသဆိုတာ အကုသိုလ်အပြစ်နဲ့တကွ မကောင်းကျိုးကိုပေးတယ်၊ ယနေ့ တို့လုပ်တာက အပြစ်မရှိ ကောင်းသောအကျိုးကိုရမှာ၊ ဘာလုပ်နေလို့?

'ကုသိုလ်လုပ်နေလို့ပါဘုရား'

'အဲဒီကုသိုလ်အပေါ်မှာ ဟိုအကုသိုလ် မပါဘူး၊ အခု လှူဆဲခဏလေးမှာ အာရုံပြုနော်၊ ကိုယ်လှူတဲ့အခိုက်အတန့်လေးမှာ ကိုယ့်သန္တာန်မှာ ဒါနကုသိုလ် ရှိနေတယ်၊ သီလကုသိုလ် ရှိနေတယ်၊ အားလုံးဟာ မေတ္တာစိတ်အခြေခံထားပြီး လှူဒါန်းတဲ့အတွက်ကြောင့်မို့လို့ အဒေါသ မေတ္တာတွေကော မပိုင်ထားဘူးလား?

'ပိုင်ထားပါတယ်ဘုရား'

'ဒါကြောင့် ဒေါသဆိုတဲ့ အကုသိုလ်ကိုပယ်ပြီးတော့ လှူနိုင်တဲ့အနေအထား ရ မရ?

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့အလိုရော မကျဘူးလား?'

'ကျပါတယ်ဘုရား'

'ရောဟိနီမင်းသမီးလေးကို 'ချစ်သမီး-သင်သည် အဲဒီ ဒေါသ တရားတွေရဲ့ အကြောင်းခံခဲ့ရလို့ အခုလို ကိုယ်အင်္ဂါပျက်စီးလို့ လူရာ မဝင်လောက်အောင်ကို နုံခြာရတဲ့ဘဝဆိုးကို ကြုံရတယ်၊ ဒါကြောင့် သင် ယခုအချိန်ခါမှာ ကောင်းမှုကုသိုလ်ပြုနေတဲ့ ကျောင်းကုသိုလ်ပွဲကြီး ယနေ့ မွေးနေ့အလှူပွဲကြီး အဆောက်အအုံလှူကြတယ်၊ ဓမ္မဒါနတွေ လှူကြ တယ်၊ မျိုးစုံပေါ့၊ ဆွမ်းအလှူတွေ၊ သိက္ခာထပ်အလှူတွေ လှူကြတယ်၊ ကောင်းမှုပွဲကြီး အားရပါးရ ပြီးမြောက်ခဲ့ပါပြီ၊ အဲဒီအချိန်ခါမှာ ကိုယ်လှူတဲ့ အလှူပေါ် ဘာမပါဖို့?

'ဒေါသမပါဖို့ပါဘုရား'

'ဒေါသမပါဖို့ပေါ့နော်၊ ကဲ-ယနေ့ ကိုယ်လှူတဲ့အခိုက်အတန့်လေး မှာ ဒေါသမပါအောင် အထူးသတိထားပါ'

'မှန်လှပါဘုရား'

'ကိုယ်က မျက်လုံးလေးနဲ့ တစ်ချက်ကြည့်လိုက်လို့ အမြင်မတော် ဘူးဆိုလည်း ဒေါသကဖြစ်တာပဲနော်၊ ကိုယ့်ကို လာပြောတဲ့နေရာမှာ လည်းပဲ ကိုယ်ကပြောဆိုထားတဲ့အတိုင်းကို လုပ်မထားဘူးဆိုရင် ဒီအသံ ကြားလိုက်တာနဲ့ပဲ ထောင်းခနဲ ဒေါသမလာဘူးလား?

'လာပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီဒေါ်သသည်ပင် ရောသွားပြီ၊ ဒါကြောင့်မို့လို့ တို့ကုသိုလ်တရားတွေကိုလုပ်လို့ လူလာဖြစ်ပေမယ့် အကုသိုလ်က နိမ့်ကျတဲ့ဘဝကို ပို့တယ်၊ တစ်ခါ အကုသိုလ်တရားကလည်းပဲ အကျိုးပေးတာက လက်ဦးသွားမယ်ဆိုရင် အပါယ်လေးပါးဘုံက တိရစ္ဆာန်ဘုံကို ရောက်မယ်၊ ဒါပေမယ့် တိရစ္ဆာန်ဘုံကိုရောက်ပေမယ့် တစ်ချို့သောတိရစ္ဆာန်လေးတွေ တူတူတန်တန် တင့်တင့်တယ်တယ် ပြည့်ပြည့်စုံစုံ မနေရဘူးလား၊ အဲဒီလိုကောင်းကွက်လေးတွေကိုရတာ၊ ဘယ်သူအကျိုးပေးတာ . . . ?

'ကုသိုလ်အကျိုးပေးတာပါဘုရား'

'နိမ့်ကျတဲ့ဘဝကိုရတာက . . .'

'အကုသိုလ်ပါဘုရား'

'အမြင်ရှင်းသွားပါပြီ၊ အပါယ်လေးဘုံကိုပို့တာ အကုသိုလ်၊ ဇိမ်ကျအောင်စံရတာက ကုသိုလ်အကျိုး၊ လူ့ဘဝမှာရတာက ကုသိုလ်အကျိုး၊ နိမ့်ကျသိမ်ငယ်ရတဲ့ ဘဝက . . .'

'အကုသိုလ်အကျိုးပါဘုရား'

'အေး-ကိုယ်က ရောစွက် ရောစွက်ပြီး လှူခဲ့တာကိုး၊ တစ်ခါထပ်ပြီးတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ချစ်သမီးရေ-သင်လှူတဲ့ကောင်းမှုကုသိုလ်မှာ မာနမပါစေနဲ့' ဘာမပါစေနဲ့လဲ . . . ?

'မာနမပါစေနဲ့ပါဘုရား'

http://www.dhammadownload.com



'မာနမပါစေနဲ့၊ သူက မာနတရားတွေထောင်လွှားခဲ့တဲ့အတွက် ကြောင့်မို့လို့ ငါ့ထက်သာပြီးတော့ ဒီလိုမျိုး လုပ်ရမလားဆိုတာ တခြားလား၊ မာနလား?

'မာနပါဘုရား'

'အခုတော့ မာနကြီးပြီးတော့မှ ပြုခဲ့တဲ့ကံက အခုလို လူတောထဲ မဝင်လောက်အောင်ကို နူနာရောဂါ ကိုယ်ရေပြားရောဂါသည် ဖြစ်ခဲ့ရပြီ၊ တစ်ကြိမ်မှာလည်း ဘုရားရှင်ရဲ့သာသနာတော်မှာ ထိပ်ဆုံး အမွန်ဆုံးကို ရောက်ခဲ့တယ်၊ ဘိက္ခုနီမလေး၊ သာသနာတော်မှာ ဘုရားခုနစ်ဆူဆုံခဲ့ ပါတယ်နော်၊ ခြောက်ဆူလုံးလုံးမှာ ဘိက္ခုနီမလေး ရခဲ့တဲ့ ပိဋကတ်သုံးပုံကို နှုတ်မွှန်ဆောင်နိုင်တယ်၊ တရားဓမ္မ အဟောကောင်း၊ အပြောကောင်း၊ သီလတရားတွေ ပြည့်စုံတယ်၊ ဒါပေမယ့် ငါသာတော်တယ်၊ ငါသာ တတ်တယ်၊ ငါသာ သိတယ်၊ ငါသာ ဟောနိုင်တယ်၊ ငါသာ ပြောနိုင်တယ်၊ အဲဒါ ဘာတရားတုန်း?

'မာနတရားပါဘုရား'

'ဒီမာနတရားက ဝိပဿီမြတ်စွာဘုရားလက်ထက်ကနေ တည်လာ ခဲ့တာ ကဿပမြတ်စွာဘုရားလက်ထက်တိုင်အောင်ကို အဲဒီ မာနတရား က တောက်လျှောက် တောက်လျှောက်ကို ဆက်လာခဲ့တာ အကုသိုလ်၊ ဂေါတမမြတ်စွာဘုရားလက်ထက်ရောက်တော့ ကုသိုလ်က လူ့ဘဝကို အကျိုးပေးတယ်၊ ကိုယ်လုပ်ခဲ့တဲ့ မာနဆိုတဲ့ ပြုခဲ့တဲ့ကံ အကုသိုလ်

http://www.dhammadownload.com



ဘာလာပေးလိုက်လဲမေးတော့ ကျွန်မဘဝကို ရောက်စေတယ်၊ ဘာဘဝ?

'ကျွန်မဘဝပါဘုရား'

'ဒါဖြင့် နိမ့်ကျတဲ့ဘဝကို ဘယ်သူကပို့?

'အကုသိုလ်က ပို့တာပါဘုရား'

'ဒါဖြင့် မာနရှိရင်လည်းပဲ နိမ့်ကျတဲ့ဘဝ၊ သိမ်ငယ်ရတဲ့ဘဝ၊ လူရာမဝင်ရတဲ့ဘဝ၊ သူများအနှိမ်ခံ၊ အနင်းခံရတဲ့ဘဝ မရောက်ဘူးလား ရောက်မလား?

'ရောက်ပါမယ်ဘုရား'

'အဲဒီလို ရောက်ရတာ ဘာကြောင့်?

'အကုသိုလ်ကြောင့်ပါဘုရား'

'အကုသိုလ်ရောစွက်ခဲ့ရင် ခံရမှာပဲနော်၊ အဲဒါကြောင့်မို့ ချစ်သမီးရေ. . . မာနလည်း မပါစေနဲ့၊ မာနပယ်ပြီး လှူပါ၊ လှူတဲ့နေရာမှာ တစ်ယောက်နဲ့တစ်ယောက် ပြိုင်လှူရင် ဘာပါပြီ'

'မာနပါဘုရား'

'ငါကမှ လှူနိုင်တယ်ဆိုရင် ဘာပါပြီ'

'မာနပါဘုရား'

'ငါ့လောက် မလှူနိုင်ပါလားဆိုပြီး ယှဉ်နေရင်'

'မာနပါဘုရား'

http://www.dhammadownload.com



'အဲ - လှူတဲ့နေရာမှာတောင်နော်၊ တချို့ကလည်း ကြည့်လိုက်သေးတယ်၊ လှူဖွယ်ပစ္စည်းတွေက ကောင်းတယ်ဆိုရင် အဲဒီကောင်းတဲ့ အပေါ်မှာ သွားပြီးတော့မှ ယှဉ်ယှဉ်ပြီးတော့ ဂုဏ်ဖော်နေရင် ယှဉ်လိုက်တာနဲ့ မာနပဲနော်၊ အဲဒီ မာနတရားလေးပါပြီဆိုရင်တော့ နိမ့်ကျတဲ့ဘဝရောက်မှာပဲ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ယနေ့လှူတဲ့ကောင်းမှုပွဲမှာ စင်ကြယ်အပြစ်ကင်းတဲ့အလှူကို ရချင်ရင် ဘာမပါစေနဲ့'

'မာနမပါစေနဲ့ပါဘုရား'

'ဟော - လှူတဲ့အလှူက ယနေ့ သူတော်စင်များသည် ကိုယ်စွမ်းနိုင်တဲ့ဘက်က ကိုယ်က တတ်စွမ်းသလောက် ဖြည့်ဆည်း ပံ့ပိုးပြီးတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဝမ်းမြောက်ဝမ်းသာ လှူကြတဲ့ပွဲမို့လို့ မာနကော ပါရဲ့လား?

'မပါပါဘူးဘုရား'

'ဒေါသကော ပါစရာအကြောင်း ရှိလား?

'မရှိပါဘူးဘုရား'

'အဲဒါဆိုရင်တော့ အပြစ်ကင်းတဲ့ကုသိုလ် ရမှာပေါ့နော်၊ ယနေ့ မိမိတို့ကုသိုလ်ပွဲမှာ ဒေါသမပါစေနဲ့၊ မာနမပါစေနဲ့၊ အဲဒီမပါတဲ့တရားကိုတော့ ပယ်နိုင်ပါပြီ၊ ဒါပေမယ့် ကိုယ်က မိသားစုအပေါ်မှာ ပြန်တွယ်ပြီးတော့ ဒီဘဝတော့ ငါနေချင်သေးတယ်၊ ဒီမိသားစုနဲ့ လက်တွဲချင်သေးတယ်၊ မိမိက ဒေါသ၊ မာနတော့ ပယ်သားပဲ၊ အဲဒီနှောင်ဖွဲ့တဲ့ သံယောဇဉ်

http://www.dhammadownload.com



ကို ပြန်ပြီးတော့မှ မဖြတ်နိုင်ရင် သံသရာမလည်ဘူးလား၊ လည်မလား?

'လည်မှာပါဘုရား'

'အဲဒီလို သံသရာလည်မယ်ဆိုရင် ဘဝခန္ဓာ၊ အို၊ နာ၊ သေတွေ ရမှာစိုးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ချစ်သမီးတဲ့ သင်ရတဲ့ဘဝ ဟောဒီလိုနိမ့်ကျတဲ့ဘဝလည်း ခန္ဓာရရင် ကြုံမှာပဲ၊ မြင့်မြတ်တဲ့ဘဝလည်း သင်ရတဲ့ခန္ဓာ နှိပ်စက်တာပဲ၊ ဘာရရင် ကြုံမယ်'

'ခန္ဓာရရင် ကြုံမှာပါဘုရား'

'ခန္ဓာရရင် ကြုံမယ်၊ ကိုယ်လှူခဲ့တဲ့ အလှူပွဲကြီးမှာ ကြည့်၊ တစ်ချို့ တစ်ချို့ ကုသိုလ်တရားရဲ့အကျိုးပေးကြောင့် ပြည့်စုံကြွယ်ဝချမ်းသာမှုကို တော့ ရတယ်၊ တစ်ချို့ ခြေလက်အင်္ဂါမစုံတာ မရှိဘူးလား?

'ရှိပါတယ်ဘုရား'

'တစ်ချို့ ကိုယ်စံရမယ့်ဘဝမှာ ပြည့်စုံတဲ့ဘဝကိုရပေမယ့် တူတူတန်တန် မနေနိုင်ဘဲနဲ့ သူဆင်းရဲအသွင်၊ သူရင်းငှားအသွင်ပေါက်ပြီးတော့မှ အဆုံးသတ်သွားတဲ့ ဘဝမျိုးနဲ့ ကြုံသွားတာရော မရှိဘူးလား?

'ရှိပါတယ်ဘုရား'

'အဲဒီလိုဖြစ်ရတာသည် ကိုယ်လှူတဲ့စေတနာပေါ်မှာ ခုနလို နောင်တ တစ်ဖန် ပူပန်ဖူးတာတွေ၊ ဒါမှမဟုတ်ရင်လည်း ကိုယ်လှူတဲ့အလှူပေါ်မှာ စေတနာလေးတွေက ပျက်ကွယ်သွားတာ၊ အဲဒီပျက်ကွက်သွားတာ ဘာကြောင့်လဲမေးတော့ ဒေါသရှိရင် ပျက်ကွက်တယ်၊ မာနရှိရင်

http://www.dhammadownload.com



ပျက်ကွက်တယ်၊ လှူနေဆဲအချိန်လေးနော်၊ ကိုယ့်စိတ်လေးမှာက ဝမ်းမြောက် ဝမ်းသာဖြစ်ရမယ်လေ၊ အဲ - ဝမ်းမြောက်ဝမ်းသာ မဖြစ်အောင် ဒေါသက လုပ်မှာ၊ မာနကလုပ်မှာ၊ အဲဒါကြောင့်မို့လို့ ဒေါသ၊ မာနကို ဘာလုပ်ရမယ်၊ ပယ်ရမယ်၊ ပယ်နိုင်ပြီးတော့မှ သံယောဇဉ် အနှောင်အဖွဲ့ကို မဖြတ်နိုင်ဘူးဆိုရင် အဲဒီပုဂ္ဂိုလ် ဒီသံသရာ ပြန်မလည်ဘူးလား?

'လည်ပါတယ်ဘုရား'

'လည်ရင် လုပ်ကိုင် စားသောက် ပြေးလွှား ရုန်းကန်ရတဲ့ဘဝတွေ့ကြုံ ဆုံကွဲနဲ့ ငိုခဲ့ရတဲ့ ပင်လယ်မကာ၊ သမုဒ္ဒရာမက ကျခဲ့ရတဲ့ မျက်ရည်တွေ မဆည်နိုင်အောင် မသိမ်းနိုင်အောင်ကိုလည်း ဒုက္ခဆင်းရဲ မကြုံဘူးလား?

'ကြုံပါတယ်ဘုရား'

'အဲဒါ ဘာရရင် . . . ?

'ခန္ဓာရရင်ပါဘုရား'

'ချစ်သမီးရေ. . . ဒီခန္ဓာဒုက္ခတွေက သိပ်ကြီးလွန်းတော့ သင်ချစ်သမီး လှူဒါန်းတဲ့ ကောင်းမှုပွဲမှာ သံယောဇဉ်ကြိုးတွေကိုလည်း ဖြတ်ပြီး လှူပါ၊ ဘာတွေဖြတ်တုန်း?

'သံယောဇဉ်ကြိုးတွေပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဒီတရားတစ်ပုဒ်သည်ပင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အားလုံးသော သူတော်စင်များအတွက် အဆောက်အအုံအလျှုနဲ့ ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ်၊ ကျန်တဲ့ ကိုယ်လျှုဒါန်းတဲ့ ကောင်းမှုကုသိုလ်ပဲဖြစ်ဖြစ် စင်ကြယ်အောင် စောင့်ရှောက်ဖို့အတွက် အတော်ကို ကောင်းတဲ့ တရားတစ်ပုဒ်နော်'

'မှန်လှပါဘုရား'

'ဒေါသပယ်ပြီး လှူပါ၊ မာနပယ်ပြီး လှူပါ၊ သံယောဇဉ်တွေဖြတ်ပြီး လှူပါ၊ အဲဒီလို တရားလေးကိုဟောပြီးတော့ ရောဟိနီလေး နှလုံးတွေ သွင်းလိုက်တာသည် သောတာပန်တည်ခဲ့တယ်၊ ဘာတည်သွားလဲ?

'သောတာပန်တည်သွားပါတယ်ဘုရား'

'သူနှလုံးသွင်းလိုက်တာ သောတာပန်တည်သွားတယ်၊ သူ့ရဲ့ နူနာရောဂါတွေလည်းပဲ အရှင်းပျောက်သွားပြီး အသားအရေလေးတွေ ဝင်းကြည်ပြီးတော့လည်း လှပသွားတယ်၊ ဘယ်သူ့ရဲ့အကျိုး၊ ကုသိုလ်ရဲ့ အကျိုးနော်'

'မှန်ပါ့ဘုရား'

'အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတာ ၊နောက်ဘဝတောင် မဆိုင်းဘူး ချက်ချင်းပေါ့. . ၊ အလွန်ကို စွမ်းအားမကြီးဘူးလား၊ မင်္ဂသတ္တိ နော်၊ အဲဒါကြောင့်မို့လို့ သြော် . . . ငါတို့လှူတဲ့ ဟောဒီအလှူပွဲကြီးမှာ အခုလို သောတာပန်ဖြစ်လောက်အောင်ကို စွမ်းအား မရှိခဲ့ရင်လည်းပဲ

http://www.dhammadownload.com



ဝိပဿနာဉာဏ်၊ ဒါမှမဟုတ် ရုပ်နာမ်လေးသိလိုက်ရင် အဖိုးမတန်ဘူးလား?

'အဖိုးတန်ပါတယ်ဘုရား'

'ဘာဖြစ်လို့လဲမေးတော့ ရုပ်နာမ်ကိုမှ မသိရင် မဂ်ဖိုလ် ဘယ်ဆိုက်မလဲ?

'မှန်လှပါဘုရား'

'အခု ကိုယ်ကြိုးစားလိုက်တဲ့အလှူပေါ်မှာ အာရုံလေးပြုပြီး ကောင်းမှုကုသိုလ်ပြုတယ်၊ ဟာ - တို့လှူလိုက်ရတဲ့ အလှူပွဲကြီးဟာ အားရကြည်နူးစရာ၊ ဝမ်းမြောက်စရာ တို့တွေ တစ်ကြိမ်မှမကြုံခဲ့ဖူးတဲ့ အခုလိုပိဋကတ်သုံးပုံဆောင်ကြတဲ့ သံဃာတော်အရှင်သူမြတ်တွေကို လှူကြတယ်၊ သံဃာတော်အရှင်သူမြတ်တွေကို များစွာ လှူလိုက်ရတယ်၊ သာသနာတော်နဲ့ လာဆုံတုန်း ဒီလို ကြီးကျယ် မွန်မြတ်တဲ့ တစ်ကြိမ်စိုက်ပျိုးရင် ကောင်းကျိုးအနန္တကို ပံ့ပိုးစေတဲ့အလှူကြီးကို ငါတို့ရလိုက်တာ တန်ဖိုးရှိလိုက်တာ၊ အဲဒါ တခြားလား၊ ဝမ်းမြောက်ပီတိလား?

'ဝမ်းမြောက်ပီတိပါဘုရား'

'ဒါဆို ဝမ်းမြောက်ပီတိနဲ့ ကျေနပ်သာယာနေရင် တဏှာပြန်လာမယ်နော်၊ တဏှာပြန်လာရင် အနှောင်အဖွဲ့ကို မဖြတ်နိုင်ပါ၊ တဏှာပြန်လာရင် ဘာတဲ့လဲ?

'အနှောင်အဖွဲ့ကို မဖြတ်နိုင်ပါဘုရား'

http://www.dhammadownload.com



'အနှောင်အဖွဲ့ကို မဖြတ်နိုင်ရင် သံသရာပြန်လည်လိမ့်မယ်၊ သံသရာ ပြန်ပတ်ရင် ခန္ဓာဒုက္ခ ခံရ၊ မခံရ?

'ခံရပါမယ်ဘုရား'

'ကိုယ်လှူတဲ့အလှူက အပြစ်မကင်းဘူးဆိုရင် နိမ့်ကျတဲ့ဘဝရော ရနိုင် မရနိုင်?

'ရနိုင်ပါတယ်ဘုရား'

'ဒါဆိုရင် တို့တွေက ဆုံးဖွယ်ရာ မရှိအောင်ကို ဒုက္ခသံသရာကြီးက ရှည်ဦးမှာဖြစ်တဲ့အတွက် ဒီဒုက္ခတွေဆုံးအောင်ဆိုပြီးတော့ လှူဒါန်းတဲ့ နေရာမှာ ခုနလို ဝမ်းမြောက်ဝမ်းသာဖြစ်သည်၊ အဲဒီ ဝမ်းမြောက် ဝမ်းသာ ဖြစ်တာက ဝေဒနာနော်၊ ငါဝမ်းသာတာလား၊ ဝေဒနာပေါ်တာလား?

'ဝေဒနာပေါ်တာပါဘုရား'

'ဝေဒနာဆိုတာ ရုပ်လား၊ နာမ်လား?

'နာမ်ပါဘုရား'

'ဝမ်းမြောက်တယ်ဆိုတာ နာမ်တရား၊ နှစ်သက်နေတယ်ဆိုတာ နာမ်တရား၊ အဲဒီဝမ်းမြောက်ဝမ်းသာ နှစ်သက်နေတဲ့ သဘောတရားလေး ကိုယ့်သန္တာန်မှာ ပေါ်နေတာ၊ နာမ်အရှုခံပြနေတာ၊ ဒါကို နာမ်လို့ တစ်ချက်သိနော်၊ တစ်ခါ အဲဒီတရားတွေရဲ့ လှုံ့ဆော်မှုကြောင့် ကိုယ့်ရင် ထဲမှာ ကြည်နူးလွန်းလို့ အေးချမ်းသွားတဲ့သဘောရော ပေါ်၊ မပေါ်?

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကြက်သီးမွေးညင်းလေးတွေ သိမ့်သိမ့် သိမ့်သိမ့်နဲ့ ထသွားတာနဲ့ ကြွ၊ မကြွ၊ အဲဒါသည် တခြားလား၊ ရုပ်တရားလား?

'ရုပ်တရားပါဘုရား'

'ဟော - ခန္ဓာထဲ ပြုပြီနေဘ်၊ ဖောက်ပြန်တဲ့ ရုပ်တရားကလည်း ပြတယ်၊ ဝမ်းသာတဲ့ နာမ်တရားကလည်း ပြတယ်၊ နှစ်သက်တဲ့ နာမ်တရား ကလည်း ပြတယ်၊ ဒီအာရုံကိုသိနေတဲ့ စိတ်ကော မပါဘူးလားဟေ့'

'ပါပါတယ်ဘုရား'

'သိတာက တခြားလား၊ နာမ်တရားလား?

'နာမ်တရားပါဘုရား'

'တစ်ကိုယ်လုံးမှာ မွေ့နှောက်ကြည့်လိုက်တာ ဘာနဲ့ ဘာ?

'ရုပ်နဲ့ နာမ်ပါဘုရား'

'ဩော် - ရုပ်တရား နာမ်တရားပါလား၊ အဲဒီ ရုပ်နာမ်လေးကို သတိလေးကပ်ပြီးတော့မှ ကြည့်ရင်း ကြည့်ရင်းကနေ ဘုရားက တရား တွေ ဟောပေးတယ်၊ ရောဟိနီမင်းသမီးလေးက တရားကိုနာရင်းကနေ ဝမ်းမြောက်တယ်၊ ကြည်နူးတယ်၊ ပီတိဖြစ်တယ်၊ ခန္ဓာကိုယ်က ကြက်သီး မွေးညင်းလေးတွေ ထတယ်၊ အို - ဒါလေးက ခုပေါ် ခုပျောက်တယ်၊ ခုဖြစ် ခုပျက်တယ်၊ အဲဒါလေးက ပြနေတဲ့ တရားလေးက ပျောက်ပျောက် သွားတာကို ဉာဏ်လေးလည်းကိန်းပြီး မမြင်ဘူးလား?

'မြင်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီအချိန်လေးမှာ ရုပ်ကို ရုပ်မှန်း၊ နာမ်ကို နာမ်မှန်းသိတဲ့အတွက် ဒိဋ္ဌိသံယောဇဉ် ပြတ်မပြတ်၊ ရုပ်နာမ်လေးရဲ့အပျက်ကို မြင်တဲ့အတွက်ကြောင့် မာန၊ ဒေါသ မလာတော့ဘူး၊ သံယောဇဉ်ကြိုးလည်း ဖြတ်နိုင်တယ်ဆိုတော့ ဩော် - ဒီနာမ်တရားက ရုပ်နာမ်လေးတစ်ချက်ကို သိလိုက်တဲ့ခဏလေးမှာ ကျေးဇူးများတယ်နော်'

'မှန်ပါ့ဘုရား'

'ကုသိုလ်တရားရော အပြစ်မကင်းဘူးလား?

'ကင်းပါတယ်ဘုရား'

'စင်ကြယ်မှုရော မရဘူးလား'

'ရပါတယ်ဘုရား'

'ယနေ့လျှုဒါန်းလိုက်တဲ့အလှူက အဲဒီအာရုံလေးတော့ မမေ့နဲ့နော်'

'မှန်ပါ့ဘုရား'

'ဒေါသမဖြစ်အောင် စောင့်ရှောက်နိုင်ပါတယ်၊ မာနမဖြစ်အောင် စောင့်ရှောက်နိုင်ပါတယ်၊ သံယောဇဉ်ဖြတ်နိုင်ဖို့အတွက်က ခန္ဓာထဲကြည့်ပေါ့၊ ခန္ဓာထဲကြည့်တော့ အခုချိန်ခါမှာ ညောင်းတယ်၊ ညာတယ်၊ ကိုက်တယ်၊ ခဲတယ်၊ အောင့်တယ်၊ စူးတယ်၊ ဘာတရားတွေတုန်း?

'ရုပ်တရားပါဘုရား'

http://www.dhammadownload.com



'အဲဒီတရားတွေက ခိုင်မြဲပြီးတော့ တစ်ကိုယ်လုံးမှာ ကြန့်ကြာပြတာလား၊ ဖြစ်လိုက် ပျက်လိုက်လား?

'ဖြစ်လိုက် ပျက်လိုက်ပါဘုရား'

'ဒီသဘောကို မြင်လိုက်တဲ့ ဉာဏ်လေးသာကိန်း၊ မိမိတို့နှစ်ဦးလာလျှုရင် နှစ်ဦးက ဒီဉာဏ်ပေါ်ရင် ပညာ မတူသွားဘူးလား?

'တူပါတယ်ဘုရား'

'သဒ္ဓါ၊ သီလ၊ စာဂကတော့ ရှိထားပြီးပြီ၊ ဟောဒီ ပညာလေးက ရုပ်ကိုလည်း သတိထားမိတယ်၊ နာမ်ကိုလည်း သတိထားမိမယ်၊ ဒီရုပ်နာမ်လေးတွေရဲ့ ဖြစ်ခြင်း ပျက်ခြင်းကိုလည်း နှလုံးသွင်းမိရင် ဝိပဿနာဉာဏ်ဟော့၊ ဘာဉာဏ်တုန်း'

'ဝိပဿနာဉာဏ်ပါဘုရား'

'အဲဒီဝိပဿနာဉာဏ်ကနေ တစ်ဆင့်တက်ပြီး ကြိုးစားသွားရင် ရုပ်နာမ်ရဲ့ဖြစ်ပျက်အဆုံးမှာ သောတာပန် တည်နိုင်၊ မတည်နိုင်'

'တည်နိုင်ပါတယ်ဘုရား'

'အဲဒီလိုဆိုရင် ကိုယ်က ကိလေသာဆိုတဲ့ ဒေါသ၊ မာန၊ သံယောဇဉ်ကြိုးတွေကို ဖြတ်နိုင်အောင် ရုပ်လို့တစ်ချက်သိရင် ပြတ်နေတယ်၊ နာမ်လို့တစ်ချက်သိရင် ပြတ်နေတယ်၊ ရုပ်နာမ်လေးတွေရဲ့အပေါ်မှာ အမြင်ရှင်းအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲမှုလေးတွေကို သတိကပ်လို့

http://www.dhammadownload.com



သိလိုက်နိုင်ရင်ရော မပြတ်ဘူးလား?

'ပြတ်ပါတယ်ဘုရား'

'ဘာပေါ်နေလို့ ဉာဏ်ပေါ်နေလို့၊ ဒါကြောင့်မို့လို့ အားလုံးသော သူတော်စင်တွေ ရောက်ရှိလာတဲ့ပုဂ္ဂိုလ်တွေမှာ ရုပ်နာမ် မပေါ်မှာစိုးလို့ ဟော့ အာရုံပြုလိုက် 'ကိုယ်နှင့်စပ်ရာ၊ ကိုယ်ပေါ်မှာ ပေါ်ရာ ရုပ်ဟုရှုရမည်' ကိုယ်နှင့်စပ်ပြီးပေါ်တာ ဘာတရားလဲ?

'ရုပ်တရားပါဘုရား'

'ပြောခဲ့ပါတယ်၊ လှုပ်တယ်၊ ပူတယ်၊ နာတယ်၊ အေးတယ် ဘာတရား?

'ရုပ်တရားပါဘုရား'

'ဝမ်းမြောက်ဝမ်းသာဖြစ်လွန်းလို့ ကိုယ်ရဲ့သန္တာန်မှာ ကြက်သီး မွေးညင်းထတာ ဘာတရား?

'ရုပ်တရားပါဘုရား'

'ကြက်သီးမွေးညင်းထတယ်ဆိုတာ ဥပမာပြတာနော်၊ မိမိရဲ့ ရင်ထဲမှာ အေးသွားတယ်ဆိုတာလည်း'

'ရုပ်တရားပါဘုရား'

'ဒါလေးတွေကို ခွဲခြားသိလိုက်ရင်ကို တန်ဖိုးရှိသွားပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီအာရုံကို ကိုယ် ဒီနေ့လှူလိုက်တဲ့ ကောင်းမှုကုသိုလ်ကြီးကို ကြည့်ပြီးတော့မှ ရင်ထဲမှာ ပီတိတွေဖြစ်နေရင်?

'နာမ်တရားပါဘုရား'

'နှစ်သက်မှုတွေ ဖြစ်နေရင်?

'နာမ်တရားပါဘုရား'

'ရုပ်နဲ့ နာမ်တွေ ခွဲမသိသွားဘူးလား'

'သိသွားပါတယ်ဘုရား'

'အဲဒီတရားကို တစ်ကြိမ်ပဲနာလိုက်ရပါစေဟော့၊ ပစ္စက ဇနီးမောင်နှံတို့ ကြည့်စမ်း၊ ဒီရုပ်နာမ်လေးကို ပြန်ဟောပေးလို့ အနာဂါမ်တည်သလို အခုကြည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောဒီခန္ဓာထဲမှာ ဒေါသကို မပါစေနဲ့၊ မာနကို မပါစေနဲ့၊ သံယောဇဉ်တွေကို ဖြတ်ဆိုတော့လည်း ဘာနဲ့ဘာ သိခိုင်းတာလဲ?

'ရုပ်နဲ့ နာမ်ပါဘုရား'

'အဲဒီရုပ်နာမ်လေးက ဖြစ်ပြီးပျက်နေတဲ့တရားကို ဉာဏ်ရောက်သွားရင် လောဘလည်း မလာဘူး၊ ဒေါသလည်း မလာဘူး၊ မောဟလည်း မလာဘူး၊ မာနလည်း မလာဘူး၊ ဒါဖြင့် ကိလေသာတွေ မပြတ်ဘူးလား?

'ပြတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီပြတ်တဲ့ အပြတ်လေးသည်ပင် ကိုယ့်ကုသိုလ် အပြစ်ကင်းအောင် စင်ကြယ်သွားပြီ၊ အကျိုးပေးလည်း သံသရာတစ်လျှောက်လုံး ပြည့်စုံလို့ လိုတိုင်း တတိုင်း စုံသွားပြီပေါ့၊ ဒီထက်ကြီးစားလိုက်မယ်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ကော မရဘူးလား?

'ရပါတယ်ဘုရား'

'အေး - ဒါကြောင့်မို့လို့ သူတော်စင်များက ဩော် - ငါတို့ ပေါင်းစုပြီးတော့ အတိတ်ကပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကြောင့် လာဆုံခဲ့တဲ့ ရေစက်၊ အဲဒီရေစက်လေးဆုံတဲ့ပွဲမှာ အားလုံးက လာပြီး အကြောင်းဆုံလို့ တွေ့တဲ့ခဏမှာ ထပ်ပြီးတော့ ဆုံချင်ရင်လည်း သဒ္ဓါတွေတူအောင်ဖြည့်၊ သီလတရားတွေ တူအောင်ဖြည့်၊ စာဂတရားတွေ တူအောင်ဖြည့်၊ အခု ရုပ်နာမ်ဓမ္မတွေကို သိနိုင်တဲ့ပညာကိုလည်း တူအောင်ဖြည့်၊ တူပြီဆိုရင်တော့ သံသရာမှာ တူယှဉ်တွဲလို့ မပျော်ရဘူးလား?

'ပျော်ရပါတယ်ဘုရား'

'ပစ္စကဇနီးမောင်နှံတို့တွေလည်း ရောက်ရာဌာန၊ ရောက်ရာဘုံဘဝတွေမှာ ပါရမီဖြည့်နေသလို ဘုရားကတောင် လိုက်မရှာရဘူးလား ရှာရလား?

'ရှာပါတယ်ဘုရား'

'သူတို့မှာ ဘာရှိလို့?

'ကုသိုလ်ရှိလို့ပါဘုရား'

http://www.dhammadownload.com



'ကုသိုလ်ရှိလို့၊ ဒါကြောင့်မို့လို့ တို့တစ်တွေလည်းပဲဟေ့၊ ဘုရားကို လိုက်ရှာရရင် တွေ့ဖို့ မတွေ့ဖို့က မသေချာဘူး၊ ဘုရားက တို့ကိုရှာလို့ သာဆိုရင် မတွေ့စရာအကြောင်း မရှိ၊ ဘုရားရှာတွေ့ချင်ရင် တို့ ဘာစု သွားမယ်'

'ကုသိုလ်စုသွားပါမယ်ဘုရား'

'အဲဒီကုသိုလ်တွေက သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ အေး - ဒီတရား တွေ ကိုယ်ရအောင်ကြိုးစားပြီးတော့ မိမိတို့ရဲ့သန္တာန်မှာ ပညာစခန်းနဲ့ တက်လှမ်းလိုက်ရင် စိတ်ချရတာက အပါယ်လေးပါးလွတ်ပြီးတော့ ဘုရား တစ်ဆူဆူထဲကတော့ သေချာပေါက် ထပ်တွေ့ရင် တစ်ကြိမ်တစ်ခါလေး နာလိုက်ရတာနဲ့ ကျွတ်တန်းဝင်နိုင်မလား၊ မဝင်နိုင်လား?

'ဝင်နိုင်ပါတယ်ဘုရား'

'အေး-ဝင်နိုင်အောင်လို့ ကိုယ်နဲ့စပ်ပြီး ပေါ်သမျှ ဘာတရား?

'ရုပ်တရားပါဘုရား'

'စိတ်နဲ့စပ်ပြီး ပေါ်သမျှ'

'နာမ်တရားပါးဘုရား'

**"စိတ်နဲ့စပ်ရာ၊ စိတ်ထဲမှာ၊ ပေါ်ရာနာမ်ကို ရှုရမည်"**

'စိတ်နဲ့စပ်ပြီး ပေါ်သမျှတရား -'

'နာမ်တရားပါဘုရား'

http://www.dhammadownload.com



'ဒါဆိုရင် မိမိတို့ရဲ့သန္တာန်မှာ အဲဒီစိတ်နဲ့စပ်ပြီး နှစ်သက်မှု၊ ဝမ်းမြောက်မှု၊ ဝမ်းသာမှု၊ အလိုကျမှု၊ အလိုမကျမှု၊ ဘာတွေပဲပေါ်ပေါ် နာမ်အစုချည်းပါ။ ဒီလိုဆိုရင် ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပါ လားဟေ့'

'မပါပါဘူးဘုရား'

'မပါတဲ့အပေါ်မှာ အမြင်ရှင်းတဲ့အတွက် ဒိဋ္ဌိသံယောဇဉ် ပြုတ်၊ မပြုတ်?

'ပြုတ်ပါတယ်ဘုရား'

'ရုပ်နာမ်ရဲ့ အပြုတ်လေးတွေကို ကောင်းစွာမြင်ရင် လောဘ၊ ဒေါသ၊ မောဟ၊ မာန သေ မသေ?

'သေပါတယ်ဘုရား'

'ဒါဖြင့်ရင် ဘုရားက ဒေါသကိုပယ်ဆိုတော့ မပယ်နိုင်ဘူးလား?

'ပယ်နိုင်ပါတယ်ဘုရား'

'မာနကိုပယ်ဆိုရင်ကော မပယ်နိုင်ဘူးလား?

'ပယ်နိုင်ပါတယ်ဘုရား'

'သံယောဇဉ်ကိုဖြတ်ဆိုရင်ကော မဖြတ်နိုင်ဘူးလား?

'ဖြတ်နိုင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဘာသိရင် ရပြီ?

'ရုပ်နာမ်သိရင် ရပြီဘုရား'

'အရှိတရား ရုပ်နာမ်ကိုသိရင် ရပြီ၊ အဲဒါကြောင့်မို့လို့ ဝမ်းသာတိုင်း ဝမ်းသာတိုင်းမှာ နာမ်တရား၊ ဝမ်းသာမှုကြောင့် ဖြစ်လိုက်တဲ့ ကိုယ်ရဲ့ သန္တာန် ကြက်သီးမွေးညင်းထတာ၊ တုန်သွားတဲ့ သဘောလေးတွေက ရုပ်တရား၊ ဖြစ်ပြီးပျက်လို့ ဘာသစ္စာ?

'ဒုက္ခသစ္စာပါဘုရား'

'အဲဒီလိုနဲ့ ဉာဏ်လိုက်ရင်ပေါ့၊ ကိုယ့်သန္တာန်မှာ မြင်လိုက်တဲ့အသိက အားကောင်းပြီး မြင်လိုက်တဲ့အတွက် ဒီဉာဏ်ကို ဘာသစ္စာ?

'မဂ္ဂသစ္စာပါဘုရား'

'ဒီတော့မှ ဘုရားဖြတ်ခိုင်းတဲ့ ဒေါသ မလာတော့ဘူး၊ မာန မလာတော့ဘူး၊ လောဘဆိုတဲ့ ကိလေသာသံယောဇဉ်တွေကို ဖြတ်လိုက်နိုင်တဲ့ အတွက်ကြောင့်မို့လို့ ဘာသစ္စာသေ?

'သမုဒယသစ္စာသေပါတယ်ဘုရား'

'ကဲ - ဒါဆိုရင် အနာဂတ်သံသရာမှာ ရုပ်နာမ်သေခြင်းရဲ့အကျိုးက နိဗ္ဗာန်ကို ရနိုင် မရနိုင်?

'ရနိုင်ပါတယ်ဘုရား'

http://www.dhammadownload.com



'အေး - ဒီလက်ဆောင်ကို ကောင်းစွာဆောင်ပြီးတော့ ရုပ်နာမ် လေးတွေအပေါ်မှာ အမြင်ရှင်းသထက်ရှင်းအောင် ကြိုးစား ရှုန်းကန် ရှုပွားရင်းနဲ့ ကိုယ့်ကိုကိုယ် ဆက်လက်ကယ်ကြပါလို့ တိုက်တွန်းရင်းပဲ တရားပွဲကို သာဓုသုံးကြိမ်ခေါ် အဆုံးသတ်လိုက်ကြရအောင် . . .။

(သာဓု . . . သာဓု . . . သာဓု . . .)